
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



ရွှေဒါးမောင်လေးရည်

# ပန်းနုရောင်အိပ်မက်
# အလွမ်းအက်ဆေး

mgyoe.com


mgyoe.com

သဘာဝပတ်ဝန်းကျင်ဆိုသည့် စကားရပ်တွင် ထိတွေ့ဆက်စပ်ပတ်သက်နေသမျှအရာအားလုံး အကျုံးဝင်လျက်ရှိပြီး ထိုသဘာဝဝန်းကျင်နှင့် ကျွန်တော်တို့ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် လေးစားတန်ဖိုးထားကြရန်လည်း လိုပါသည်။

မြစ်ချောင်းအင်းအိုင်မှ အစပြု၍ သစ်တောသစ်ပင်များအပေါ် ကျွန်တော်တို့အားလုံးက လေးစားကြပါမှ ပတ်ဝန်းကျင် သဘာဝတရားကြီးကလည်း ကျွန်တော်တို့အပေါ် ပြန်လှန်လေးစားစောင့်ရှောက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။

အချိန်မီနိုင်ပါသေးသည်။

ကမ္ဘာ့ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးကို ဆေးကုသပေးကြမည်ဆိုပါလျှင်



သူ့တာဝန်၊ ငါ့တာဝန်၊ သူ့ကြောင့်၊ ငါ့ကြောင့်တွေဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ငြိုငြင်မှုတွေနဲ့ ဘယ်သူ့ကိုမှ လက်ညှိုးတွေ ထိုးမနေကြဘဲ တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ပြီး သစ်ပင်လေးတစ်ပင် ပျိုးစိုက်ရင်း ရင်ခုန်ပျော်ရွှင်လိုက်ကြရအောင်လား။

*တစ်ယောက် တစ်ပင်၊ စုလျှင်တစ်ရာ*
*တစ်ရွာ တစ်တော၊ သစ်ပင်ပေါ်အောင်*
*တို့... ပျိုးထောင်စို့။*

NW0112
2,300.00 KS

mgyoe.com

mgyoe.com

ပန်းနုရောင်အိပ်မက်အလွမ်းအက်ဆေး။ ရွှေဒါးမောင်လေးရည်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၆၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪▪▪▪▪▪▪▪▪▪

# ပန်းနုရောင်အိပ်မက်
# အလွမ်းအက်ဆေး

ရွှေဒါးမောင်လေးရေး

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အိပ်မက်ရွှန်းမျစ် နှစ် ၁၀၀ ဆီ | ၁ |
| ၂။ | စာပေဂီတ မွှေးမြယှက်သန်း ပန်းနုရောင်အို | ၉ |
| ၃။ | ကြိုးတံတားရဲ့ သံယောဇဉ် | ၁၇ |
| ၄။ | ခေမရဋ္ဌသို့ နှုတ်ဆက်သီချင်း | ၂၅ |
| ၅။ | အောက်မေ့ဖွယ် လေညင်းစိုစိုထဲက ဆည်းလည်းသံချိုချိုများ | ၃၂ |
| ၆။ | မြကျွန်းသာသို့... အလွမ်းအက်ဆေး | ၃၉ |
| ၇။ | မိုး... ငိုနေသလား | ၄၇ |
| ၈။ | စမ်းချောင်းကလေးရှိရာ | ၅၅ |
| ၉။ | ခတ္တာဖြူဖွေး မစဲသေးလျက် | ၆၁ |
| ၁၀။ | အစိမ်းရောင်နှလုံးသားနဲ့ တို့များပျံသန်း | ၆၈ |
| ၁၁။ | ဥသြတေးနွဲ့ နွေလွမ်းဖွဲ့၍ ပေါက်နဲ့လက်ပံ | ၇၅ |
| ၁၂။ | လေပြည်လေညင်းအဖြစ်နဲ့ ကိုယ်အရောက်လာမယ် | ၈၃ |
| ၁၃။ | မြသီလာသို့ အလွမ်းအက်ဆေး | ၈၈ |
| ၁၄။ | စရွေးကိုက်အမှားများနှင့် တစ်သားတည်း ဧရာဝတီ | ၉၆ |
| ၁၅။ | မြသလွန်အစ... လေထန်ကုန်းညများ | ၁၀၄ |


mgyoe.com

mgyoe.com


၁၆။ ခရမ်းချဉ်သီးထောင်းကလေးနဲ့ ၁၁၀

၁၇။ နှင်းပျောက်တဲ့နွေ ၁၁၇

၁၈။ နှင်းရည်စက်လက် နံနက်ခင်းများ ၁၂၄

၁၉။ ခရီးသွားရင်း သီချင်းဆိုမယ် ၁၃၀

၂၀။ မာမာအေး၌ ဆွေးလျစူးနစ်... အလွမ်းမြစ်ထဲ ၁၃၇

၂၁။ မိုးကိုမျှော်သည်... မျှော်သည် ၁၄၃

၂၂။ လောင်မြိုက်နေသော ရက်စွဲများ ၁၅၁

၂၃။ နှစ်ကိုယ်တူလျှောက်ရာလမ်း ၁၅၈


❑

mgyoe.com

mgyoe.com

# အိပ်မက်ရှန်းမျစ် နှစ် ၁၀၀ ဆီ

(၁)

*"မှုန်နေအောင်ကျနေသော နှင်းထုကြောင့် ရာမညဆောင်ကို လွန်လာပြီး သဲလမ်းအစပ်ကို နင်းလိုက်သည်အထိ လက်ဖက်ရည်ဆိုင်ကို ပီပီမတွေ့ရ"*ဆိုသည့် ပဋ္ဌမမြောက် ဆောင်းရက်များဝတ္ထု၏ အဖွင့်စာကြောင်းကလေးဖြင့် ဆရာငြိမ်းကျော်က တက္ကသိုလ်နယ်မြေ၏ ဆောင်းလရက်စွဲများနှင့်အတူ ငွေနှင်းပွင့်ကလေးများနှင့် မိတ်ဆက်သမှု ပြုလိုက်ပေသည်။

ဒီတော့မှပင် ပတ်ဝန်းကျင်အခင်းအကျင်းဆီ ကျွန်တော်၏ အာရုံမြားဦးကို လမ်းကြောင်းရွှေ့လိုက်မိတော့ အပြင်လောကဆီမှ နှင်း၏ရနံ့ကို သဲ့သဲ့ကလေး ရှူရှိုက်မိလိုက်ရပေသည်။ နှင်းခရက်စွဲများပင်။

နှင်းမှပဟုတ်ရဲ့လား။ နှင်းကလေးတွေမှ ဟုတ်ရဲ့လား။

သံသယတောအလယ် မောတယ်အချစ်ရယ် ပန်းချီကဗျာထက်လှတဲ့ သီလာတက္ကရဲ့ ကျွန်းညိုမြဆိုသည့် တေးသံရှင်တစ်ဦး၏ ဆောင်းနှင့်အတူ တက္ကသိုလ်ရင်ခွင်သို့ စေညွှန်းဖွဲ့သီကာ လွမ်းမြရှုတသူတစ်ဦး၏ ရုပ်ပုံလွှာကို မြင်ယောင်လာသည်အထိ အနုပညာမြောက်တေးချင်းတစ်စက ပျံ့လွင့်လာခဲ့သည်။ ဒီစဉ်ခိုက်မှာတော့ ကျွန်တော်၏ သိစိတ်အစဉ်များက ငယ်နုသစ်စ အတိတ်ကာလဆီက အမိတက္ကသိုလ်ရင်ခွင်ဆီ။

mgyoe.com

mgyoe.com

(၂)

နံနက်အစောပိုင်း ကလပ်စ် အမီတက်ရမည်မို့ အိမ်မှစော၍ ထွက်ခဲ့သည်။

ငွေနှင်းပွင့်တို့ဖြင့် ဝေလွှင်မှုန်ပျ မပီမသ နံနက်ခင်းပင်။ ဥတ္တရယဉ်စွန်းတန်းအရပ်ဆီမှ ခရီးနှင်ထွက်ခွာလာခဲ့သည့် ချမ်းမြမြလေညင်းတစ်စက ဖွဖွထိနမ်းလာတော့မှ လေးပင်နေခဲ့သည့် ခန္ဓာကိုယ်လည်း လန်းလန်းရွှင်ရွှင်ရှိခဲ့ရတော့သည်။ ကိုယ့်နှယ်ပင် နံနက်ခင်းကလပ်စ်အမီ အရောက်လှမ်းလာခဲ့ကြသည့် ပျားပိတုန်းရောင်စုံကလေးများဖြင့် ဝန်းကျင်အလှက ပီပြင်တောက်ပလျက်ရှိသည်။

ဆောင်း၏ရသမှာ နွေနှင့်မိုးကာလများတွင် ခံစား၍မရနိုင်သည့် အလှအပတို့ဖြင့် ရက်ရှယ်ထားသည်ဟု ထင်သည်။ ပြီး ရန်ကုန်ဆောင်းဆိုသည်ကလည်း အညာရပ်ဒေသများမှာကဲ့သို့ စိမ့်ချမ်းလှသော အရိုးခိုက်မျှ ဆောင်းမဟုတ်သည်လည်းတစ်ကြောင်းမို့ပင်။ ဒါသည်ပင် ရန်ကုန်ဆောင်း၏ နှစ်သက်ဖွယ်ရာ အင်္ဂါတစ်ရပ်ဖြစ်နေတော့သည်လား မပြောတတ်ပါ။

ပြီးတော့ ဒီနေ့ဘက်ခေတ်အနေအထားက အပူရောင်တို့ဖြင့် နှိပ်စက်ကလူတတ်သည့် ခါသမယသို့ ရောက်နေခဲ့ပြီ။ ဂှယ်ဒေသဆီ မျှော်ရည်ကြည့်ကြည့် ကွင်းပြင်ပြောင်ပြောင်၊ တံလျှပ်ရောင်ရှိန် တဟပ်ဟပ်နှင့်အေးကွက်တွေ ဖွေရှာ၍မရ။ အပူရောင်တောထဲ ကျောကုန်းတွေ ကော့နေခိုက်မှာ အဲဒီအပူငွေ့တွေက စတေးရှောင်နိုင်ဖို့ဆိုတာ ဒီဆောင်းဥတုရဲ့ တတိယရာသီကလေးအပေါ် မျှော်လင့်ချက်ရောင်စဉ်တန်းကလေးအဖြစ်ယုံကိုးနေကြရသည်။

တက္ကသိုလ်ဝန်းကျင်ဆီက တတိယရာသီရဲ့ အလှတရားတွေကတော့ ဘယ်သူတွေယှဉ်ပြိုင်လို့ နိုင် နိုင်ပါ့မလဲလေ။ ဒီဝန်းကျင်မှာက စိုစိုစိမ်းစိမ်းမြရည်လိမ်းကျံထားသည့် စိမ်းမြတောအုပ်တွေရယ် အင်းလျားကန်သာရဲ့ ကျောကုန်းပေါ်က ရှပ်တိုက်ပြေးထွက်လာတဲ့ မြကန်ရေရနံ့သင်းနေတဲ့ လေညင်းကလေးတွေနဲ့မို့။

mgyoe.com

m gyoe

(၃)

ပါချုပ်ဆရာ ဒေါက်တာသာလှ လက်ထက်ဆီမှ နံနက်ခင်းဇာတ်လမ်း တစ်ပုဒ်ကို သတိရလိုက်မိပေသည်။

ထိုစဉ်က **'မည်သူမျှ ကံ့ကော်ပန်းမခူးရ'** ဆိုသည့် တားမြစ်ချက် ထုတ်ပြန်ထားခဲ့သည်။ သို့သော်လည်း နံနက်ခင်းတစ်ခု၌ ကျောင်းသား နှစ်ယောက် ကံ့ကော်ပန်းခူးနေကြသည်။ တစ်ယောက်က ကံ့ကော်ပင်ထက်သို့ တက်၍ ကံ့ကော်ပွင့်များခူးကာ အောက်သို့ပစ်ချပေးနေသည်။

ထိုစဉ်ခိုက် ဆရာကြီးလမ်းလျှောက်လာသည်ကိုတွေ့ကာ အောက်က စောင့်နေသည့် ကျောင်းသားက လစ်ထွက်သွားခဲ့သည်။ ဆရာကြီးက အပင် အောက်သို့ ရောက်လာပြီး အပင်ထက်က ကျောင်းသားအား အောက်သို့ ဆင်းလာရန်ခေါ်သည်အထိ အပင်ပေါ်က ကျောင်းသားက ဆရာကြီးမှန်း မသိဘဲ ပန်းကို ဆက်၍ခူးနေခဲ့သည်။ အပင်အောက်သို့ ငုံ့ကြည့်မိတော့မှ ဆရာကြီးကိုတွေ့ကာ အမြန်ဆင်းလာခဲ့ပြီး ဆရာကြီးအား ဦးချကန်တော့ ခဲ့ပေသည်။ ဆရာကြီးက မေးမြန်းပြီး ခူးထားသည့်ပန်းများအား ကျောင်းသား ၏ ချစ်သူထံသို့ သွားရောက်ပေးစေခဲ့သည်။

ထိုဖြစ်စဉ်ကို သိရှိရခြင်းဖြင့် ထိုကာလဆီက ဆရာနှင့် ကျောင်းသား တို့၏ ဆက်ဆံရေးပုံစံကို တွေ့နိုင်ပေရာ လေးစားဦးညွှတ်ဖွယ် ကောင်းလှ ပေသည်။ ကျွန်တော်တို့ ကံ့ကော်ရင်ခွင်သို့ ခိုဝင်ခိုက် ထိုနည်းပုံသွင် ဖြစ်စဉ် ကလေးများနှင့် တိုးတိုက်ရခိုက် ဆရာကြီး ဒေါက်တာသာလှသို့ လည်ပြန် တမ်းတမိရပြန်ပေသည်။

စံရိပ်ငြိမ် ၆ လမ်းထိပ်မှ ထွက်လာခဲ့ပြီး ပြည်လမ်းမကိုဖြတ်ကာ တက္ကသိုလ်ပရိဝုဏ်ထဲ ဝင်ရောက်ခဲ့သည်။ ဂျဒ်ဆင်ဘုရားကျောင်းသို့ အဝင် လမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။ ရွှေဘိုဆောင်ဘေးလမ်းသို့ ရောက် မှပင် တောင်ငူဆောင်တည့်တည့်ဆီသို့။

လမ်းအနောက်ဘက်ဘေးဆီမှ ပင်စည်ကိုင်းခက်များကြား တွဲရရွဲ ကျလျက်ရှိသည့် သော်ကပွင့် ရဲရဲနီနီရှေ့နားရောက်တော့ ပင်လယ်ကဗ္ဗီးပင် ထီးထီးမားမားကြီးများ၏ အရွက်ချွန်ဖျားထက်မှ ယိုစီးကျဆင်းလာခဲ့သည့် နှင်းရည်စက်လက်ကလေးများက မြေပြင်ပေါ်စိုရွှဲလျက်။ တောင်ငူဆောင်

mgyoe.com

mgyoe.com
အဝင် လမ်းမဘေးမှာတော့ အိပ်ငိုက်မူးရီမပြေသေးဟန် စိန်ပန်းပြာပင်နှစ်ပင်က မလှုပ်မယှက်ငြိမ်သက်စွာဖြင့်။

တက္ကသိုလ်နယ်မြေနှင့် ကျွန်တော့်အနေအထား မစိမ်းပြတ်လှဟု ပြော၍ ရနိုင်လောက်ပါသည်။ ကျွန်တော် တက္ကသိုလ်ဝင်တန်း မအောင်မြင်မီကာလဆီကပင် တက္ကသိုလ်နယ်မြေအတွင်းသို့ ခြေချခဲ့ဖူးသည့် အကြိမ်အရေအတွက် မနည်းလှသောကြောင့်ပါပေ။ ကျွန်တော်၏နောင်တော်များဘွဲ့ရရှိပြီး ရာထူးဝန်အဖွဲ့မှ ခေါ်ယူသည့်အလုပ်လျှောက် စောင့်ဆိုင်းစဉ်ကပင် သူတို့နှင့်အတူ တက္ကသိုလ်ရင်ခွင်ထဲသို့ တိုးဝင်ခဲ့ဖူးပြီမို့ပါ။

ကျွန်တော်တို့ တက္ကသိုလ်ပရိဝုဏ်ထဲ ခိုဝင်လာခဲ့တော့ မိခင်တက္ကသိုလ်တည်ထောင်သည့် နှစ် ၅၀ ပြည့်မြောက်သော ရွှေရတုသဘင်ပွဲ ဆင်ယင်သည့်အချိန်နှင့် တည့်တည့်ကြီးပင် တိုးတိုက်ခဲ့ရပေသည်။

ထိုအထိမ်းအမှတ်ပွဲတော်ကာလ၏ ရက်စွဲများက တိမ်းမူးဖွယ်ရာတို့ဖြင့် တက်ကြွလန်းမြလျက်ရှိသည်။ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူတို့၏ ဝင်းပမျက်နှာအပေါင်းက အားကျဖွယ်ကောင်းလှသည်။

သူတို့တွေ ဓာတ်တိုက်လေ့ကျင့်ရာသို့ သွားရောက်၍ ငေးမောအားပေးကြရသည်။ ပွဲတော်ရက်များရောက်တော့ တက္ကသိုလ်နယ်မြေအတွင်း၌ ဓာတ်စင်ကြီးများဖြင့် ခင်းကျင်းကပြကြပြီး လာရောက်ကြည့်ရှုခံစားကြသည့် ရွှေပွဲလာညေ့်ပရိသတ်တို့ဖြင့် တိုး၍မပေါက်နိုင်ခဲ့။

အဓိပတိလမ်းမဘေးတစ်လျှောက် ဘာသာရပ်အလိုက် ဈေးဆိုင်တန်းများ ဖွင့်လှစ်ကာ အစားအသောက်များ၊ အမှတ်တရပစ္စည်းများ ရောင်းချကြပေရာ ကျွန်တော်တို့ မြန်မာစာ မိသားစုများမှ 'ရွှေတောင်ခေါက်ဆွဲ' ရောင်းချခဲ့ကြသည်။ ရွှေပွဲလာအပေါင်းတို့ဖြင့် အထူးပင်စည်လှပေရာ ကြက်ပျံမကျပင်။ မေ့ပျောက်မရနိုင်အောင်ပါပေ။ ဆိုင်ခန်းစုံမှ ဖွင့်လှစ်ကြသည့် အမိတက္ကသိုလ်ဖွဲ့ သီချင်းပေါင်းစုံတို့က အပြိုင်အဆိုင် ဝေဝေစည်စည်။

(၄)

အမိတက္ကသိုလ်၏ ချစ်မက်ဖွယ်လေ့စရိုက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် သူ၏ရင်ခွင်လွှာထဲသို့ ခိုလှုံဝင်ရောက်လာခါစ မောင် ညီမ
mgyoe.com

mgyoe.com

ငယ်လေးများအား နွေးထွေးပျူငှာ ကြိုလင့်ရှာသည့် မောင်မယ်သစ်လွင် ကြိုဆိုပွဲများလည်း ပါဝင်နေပေသည်။

ကျွန်တော်တို့တွေ ဝင်ရောက်လာခဲ့စဉ်မှာ လှိုက်လှဲနွေးမြ ကြိုဆိုခဲ့ကြသလိုပင် ကျွန်တော်တို့နောင်တော်၊ အစ်မတော်နေရာ ရောက်ခဲ့တော့လည်း မောင် ညီမငယ်တို့အား တုံ့လှယ်တစ်ဖန် အကြိုထောက်ခဲ့ရပြန်ပါသည်။

တေးချင်းတွေ ကျူးသီကြ၊ ပြဇာတ်တွေ တင်ဆက်ကြနှင့် လွမ်းမြစရာတွေ ချန်ထားရစ်ကြသည်။ တချို့တွေခများ စိတ်တွေ ချစ်ကြည်သွားကြသူတွေနှင့်၊ မိတ်ဆွေအပေါင်းအသင်းစာရင်း ဝင်သွားကြသူတွေနှင့် တက္ကသိုလ်၏ ချစ်ပုံပြင်စာရင်းထဲ ဝင်သွားခဲ့ကြသူတွေလည်း လွမ်းမြရေးအဖြစ် မှတ်ယူမည်ဆိုကလည်း လွမ်းတော်မူရုံပဲပေါ့လေ။

ရွှေရတုသဘင်ကာလ တက္ကသိုလ်အဝန်းအဝိုင်းမှ ကဗျာဆရာ၊ စာရေးဆရာတို့၏ ကဗျာစာအုပ်လေးများ၊ ပို့စ်ကတ်လေးများ အလျှိုလျှိုပွင့်လန်းမွေးမြလာခဲ့သည်။ ဆရာမောင်ပန်းမွေး၏ **'နေလိုလလို'** အမည်ရ ကဗျာစာအုပ်ပါးပါးလေး၊ သူငယ်ချင်း ကိုရွှေသိမ်းမင်း၏ ကဗျာကလေးများ ပါဝင်သည့် ပို့စ်ကတ်လေးများ။ နောင်၏ **"မနုမပျို၊ လိပ်ပြာအိုပင်လျှင် မွေးချိုသင်းသော ပန်းခင်းတောမှာ ပျော်မောမွေ့လိုသေးသည် တကား"** ဆိုသည့် ကဗျာလေးနှင့် ပန်းတောထဲ ပျံသန်းလျက်ရှိသည့် လိပ်ပြာမောင်နှံစုံပါဝင်သည့် မြစိမ်းရောင်ပို့စ်ကတ်လေးများ ဆောင်းနှင်းဇာပဝါထဲ ရွက်လွင့်ခဲ့ပုံ။

*မခင်လျှင်လည်း*
*မခင်သလို နေလိုက်ပါ။*
*မကြင်လျှင်လည်း*
*မကြင်သလို နေလိုက်ပါ။*
*မခင်သလို ခင်သလိုနှင့်*
*မကြင်သလို ကြင်သလိုနှင့်*
*နေလိုလလို ကျင့်နဲ့ကွယ်*

ဟုဆိုကာ ချစ်သူ၏သဘောထားကို ပြတ်သားစွာ ကြေညာပေးဖို့ တိုးလျှိုးတောင်းပန်မှုပြပုံကလေးကို သရုပ်ထားခဲ့သည်။ **'နေလိုလလို'**
mgyoe.com

mgyoe.com

အမည်ရှိကလေးကို ခေါင်းစီးယူကာ စာအုပ်အဖြစ် ဖန်တီးထားသည်။ ကဗျာလေးတစ်ပွင့် ချစ်သူတို့ဥယျာဉ်ထဲ ပွံ့မွှေးထုံလွှင့်ခဲ့သည်။ "နေပူလေ ရင်ပူပူမှာ ပန်းဖြူဖြူလေးပေးလိုက်တယ်" ကဗျာစာသားလေးများကိုတော့ ဘော်ဒါကြီးကိုနွယ်သွေး၏ ပန်းချီလက်ရာဖြင့် ဖော်ကျူးပုံသန်းခဲ့ပုံကိုလည်း မမေ့ရက်နိုင်ခဲ့ပြန်ပေ။

(၅)

*နွေ၏အစွန်*
*မိုးငွေ့သွန်သော်*
*ကျွန်တော် အိမ်ပြန်ရတော့မည်။*
(အညာ–တမာ)

ကျွန်တော်တို့ရှေ့နားဆီမှ နောင်တော် အညာ–တမာက **'ကံ့ကော်ဟောနှင့် ဝေးခဲ့ပြီ'** ဆိုသည့် ကဗျာတစ်စဉ် ဤသို့လျှင် လွမ်းမြဲခဲ့ဖူးပေသည်။ ရှေးရှေးဆီက နောင်တော် အစ်မတော်များက အမိတက္ကသိုလ်ရင်လွှာထဲ ခိုဝင်လာခဲ့ကြ၊ နှုတ်ဆက်လက်ပြသွားခဲ့ကြသလိုပင် ကျွန်တော်တို့သည်လည်း ထိုနည်းအတိုင်းသာလျှင် အချိန်တန်တော့ နှုတ်ဆက်ခဲ့ကြရပြန်သည်ပဲပေါ့။ ဒီစဉ်မှာတော့ ကံ့ကော်ပွင့်ရေ ငိုနေသလား၊ မူဟန်များဖွဲ့ ဝါလဲ့နှင်းနှ မျက်ရည်ဥတို့ဖြင့် ကျွန်တော်တို့၏ မျက်ဝန်းများဆီဌ်။

အမိတက္ကသိုလ်ဆီ ရင်ငွေ့လှုံ့ခဲ့ကြသည်။ ပညာချို့နို့ သောက်ခဲ့ကြသည်။ ပိဋကတ်တိုက်သို့ ဝင်ရောက်ကာ ရသပညာများကို တူးဆွခုံမင်ခဲ့ကြသည်။ သုတေသနစာတမ်းဖတ်ပွဲများဆီ ဝင်ရောက်၍ နာယူမှတ်သားခဲ့ကြသည်။

ထို့အတူပင် တက္ကသိုလ်၏ ပွဲလမ်းသဘင်များ၌ ဝင်ရောက်ကာ စေးကပ်ပျော်ဝင်ခဲ့ရသလို အနုပညာအသင်းမှ ဖြန့်ဝေပေးသည့် သင်တန်းအဖုံဖုံ၌ ပါဝင်ကူးခတ်ခဲ့ကြ၊ ရက်ရှယ်ခဲ့ကြနှင့် ပြုံးပန်းပွေ့ပိုက် ပျော်ပျော်ပန်ခဲ့ကြသည်။

ဂျပ်ဆင်ဘုရားရှိခိုးကျောင်း မျှော်စင်ထိပ်ဖျားဆီတက်၍ ဟိုး... အနောက်ဘက်တစ်လွှား လှိုင်မြစ်၏ အနောက်ဘက်ကမ်းဆီ မြစ်ရေပြင်

mgyoe.com

m gyoe.com


ပေါ် ဖြတ်ကျော်၍ ငေးမောခံစားသည့်အခါများလည်း ရှိခဲ့ဖူးသည်ပင်။

ရာသီအလိုက် ခင်းကျင်းပြသည့် ကုံကော်၊ ပိတောက်၊ ခေါင်းစရစ်ပန်းများ၊ စံကားဖြူမွှသည် စိန်ပန်းပြာပြာ၊ ငုရွှေဝါပွင့်ခိုင်တွေအဆုံး မိုးပိတောက်တို့ပွင့်ဝေသည် မကျန်ငေးလျ ခံစားရသကဲ့သို့ပင် ဥရွှေသြလေးများ၏ နွေတေးဖွဖွကိုလည်း နားမှာ ဆင်သ မဝမချင်း ရွှေနားတော်သွင်းနိုင်ခဲ့သည်မို့ တက္ကသိုလ်ရက်စွဲများက ဘယ်သောခါတွင်မှ နှလုံးထက်က ဖျောက်ဖျက်ပစ်၍ မရနိုင်တော့မည့် ကျောက်ထက်အက္ခရာများအဖြစ် ထင်ကျန်နေရစ်တော့မည်မှာလည်း အသေအချာပင်ဖြစ်ပါသည်။

(၆)

မိခင်၏ရင်ခွင်ညှာထဲ မြူးဝင်ခဲ့စဉ်က မိုးစက်ငွေမြားတံတို့ ကြဲပက်ရာသမယမို့၊ လန်းစိုသစ်လွင်ခြင်းများနှင့် စိမ်းမြသာမောခြင်းများနှင့် ချမ်းမြေ့ရာ ကာလရက်စွဲများ ခုများများတော့ မြောက်ပြန်လေအဖွဲ့အနွဲ့နှင့် ဒီဇင်ဘာ၏ နှင်းခရာသီ။ အစဉ်အလာကြီးမားမှုအပေါင်းဖြင့် ဂုဏ်ဝင့်ခဲ့ရသည့် မိခင်တက္ကသိုလ်၏ ရွှေရောင်ရာသီကာလများ။ ခုတော့ ပြောင်းလဲခြင်းသဘောတရားတို့ဖြင့် လှမ်းချီလာခဲ့သည့် ပွင့်သစ်တို့၏ ပိုင်နက်ချိန်ခါ နှစ်ပေါင်း ၁၀၀ ဆိုသည့် အရွေ့တစ်ခုဆီ လှမ်းတက်ကြမည့်အခါကောင်းနှင့် ကြုံဆုံခဲ့ရပေပြီ။ အိပ်မက်သစ်လွင်များဖြင့် ကိုယ်ပိုင်အနာဂတ်တစ်ခုကို ဆောက်တည်နိုင်ကြပေတော့မည်။ မုခ်ဦးအဝင်ရက်စွဲများ… ဆိုသော် ရနိုင်ကောင်းပေသည်။ တစ်ခါတုန်းဆီက သမဂ္ဂအဆောက်အအုံရင်ခွင်ထဲ ခိုဝင်ကာ နောင်တော်၊ အစ်မတော် သမဂ္ဂကိုယ်စားလှယ်ကျောင်းသားများက မိမိတို့ကျောင်းသားအရေးအရာများကို ကိုယ်တိုင်ပါဝင်ပုံဖော်ခဲ့ကြသလို ယနေ့ခေတ်၏ ပွင့်သစ်လိပ်ပြာရောင်စုံတို့သည်လည်း ပေါ်ပေါက်ဖြစ်တည်လာတော့မည့် တက္ကသိုလ်သမဂ္ဂအဆောက်အအုံသစ်ကြီးနှင့်အတူ အမိတက္ကသိုလ်၏ ပုံရိပ်သစ်များ၌ ပါဝင်လင်းလက်နိုင်ကြတော့မည်ပင်။ ခေတ်၏ တောင်းဆိုမှုနှင့်အတူ မိခင်တက္ကသိုလ်နှစ် ၁၀၀ ပြည့် အကြိုရင်ခွင်ထဲ ရှန်းကြွလှုပ်ရှားရင်း ပညာခေတ်၏ မနက်ဖြန်များ၌ ပါဝင်ထွန်းညှိနိုင်တော့မည်ပင်…။

mgyoe.com

mgyoe.com


ပန်းကုံကော်ဝင်းဖန့်... သင်းပျံ့ကြိုင်လှိုင်ထုံ... တို့တက္ကသိုလ်ဘုံ ... စိန်ပန်းစုံနီဝေဝေ... မြကန်ရေသာမော... အစဥ်မနွမ်းပုံ... သင်တန်းအစုံစုံ... အလှဖုံဖုံ... ဝန်းခိုစရုံ... ကျွန်းညိုမြဘုံ...။

The Daily Eleven၊ ဒီဇင်ဘာ ၁၅၊ ၂၀၁၆

❑

mgyoe.com

mgyoe.com

# စာပေဂိတ မွေးမြူယှက်သန်း ပန်းနုရောင်အို

(၁)

- မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်ရင်ဆိုင်နေမှုများ၊ တင်းမာမှုများကို အမြန်ဆုံး ရပ်ဆိုင်းပေးကြပါရန် မေတ္တာရပ်ခံပါသည်။
- ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားနေသော စစ်မက်၊ လက်နက်ကိုင် တိုက်ခိုက်မှုများကိုလည်း အမြန်ဆုံး ရပ်စဲပေးကြပါရန် သက်ဆိုင်ရာအားလုံးတို့အား မေတ္တာရပ်ခံပါသည်။
- မြန်မာနိုင်ငံတွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း ဖြစ်ပွားနေကြသည့် ပြဿနာအရပ်ရပ်ကို ဆွေးနွေးညှိနှိုင်းဖြေရှင်းနည်းဖြင့် လူမသေသော ပြေ (ပြည်) မပျက် ဖြေရှင်းကြပါရန် မေတ္တာရပ်ခံ ပန်ကြားပါသည်။ လူ့လောက၏ အရေးကြီးဆုံး 'ငြိမ်းချမ်းရေး' ကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ပန်ကြားပါသည်။

ဒဂုန်တာရာ

၁၀–၅–၂၀၁၁ (အင်္ဂါနေ့)

တစ်ခုသော နွေဂိမာန်ရက်စွဲများဆီက မောမြေရပ်ဌာန်သာမိုင်းခန်း

mgyoe.com

mgyoe.com


မှအပြန် ဆရာအုံ့မောင်ထံမှ လက်ဆင့်ကမ်းလာခဲ့သည့် ဆရာဒဂုန်တာရာ၏ ၉၃ ကြိမ်မြောက် မွေးနေ့မှ ငြိမ်းချမ်းရေးပန်ကြားလွှာပါ စာကြောင်းကလေးများပါပေ။ ဆရာ ထာဝရ လက်ကိုင်အသုံးပြုသည်က 'ငြိမ်းချမ်းရေး' စကားလုံးများသာဖြစ်ခဲ့ပြီး သူ၏နှလုံးသား၌ 'မုန်းသူမရှိ၊ ချစ်သူသာရှိ' ဆိုသည့် အေးမြခြင်း သရုပ်သကန်သာ ဖြစ်ပေသည်။

*"ကျွန်တော်က ဝတ္ထုသက်သက်၊ ကဗျာသက်သက် ရေးရုံမက ဝေဖန်စာများလည်း ရေးဖြစ်သောကြောင့် ကျွန်တော့်ကို ဝေဖန်သူများလည်း ရှိလာသည်။ သူတို့သည်လည်း ဝေဖန်ရေးဆရာများ ဖြစ်ကြဟန်ရှိသည်။ ကျွန်တော်က နည်းနည်းပါးပါးတော့ တုံ့ပြန်သည်။ သို့သော် ကျွန်တော်က တုံ့ပြန်ရန် ဆန္ဒရှိသူမဟုတ်။ မတတ်နိုင်။ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်သောအခါ ကျွန်တော်၏ နိုင်ငံရေးရာ၊ အနုပညာရေးရာ၊ စာပေရေးရာများကို ဆန့်ကျင်သူများ ပေါ်ပေါက်လာသည်။ ယင်းသည် သဘာဝကျသည်ဟု ဆိုနိုင်သည်။ ဆန့်ကျင်သည့်အတွက်လည်း ကျွန်တော် ကျေးဇူးတင်သည်။ ကျွန်တော် တွေးစရာများရသည်။ ကျွန်တော်၏ ဒဿနဘဏ်တိုက်ကို ဖြည့်စွက်တိုးပွားသူများဟု ကျေးဇူးတင်မိခြင်းဖြစ်သည်"*

ဟု ခံယူကာ မိမိအား ဆန့်ကျင်သူများကိုပင် အပြစ်မြင်ခြင်းမရှိဘဲ ဝေဖန်ရေးကြောင့် မိမိအတွက် အထောက်အပံ့ဖြစ်ရသည်ဟု ယူဆနိုင်သူမှာ ဒဂုန်တာရာပင်ဖြစ်သည်။

*

(၂)

– *ပယင်းပြောက်အိုး*
*စိုက်ထိုးထားလိုက်*
*လရောင်ရိုက်လိုက်၊*
*နေရောင်တိုက်လိုက်*
*ငိုက်လျော့ညွတ်စင်း*
*ချယ်ရီသင်းခြောက်*

mgyoe.com

... ... ...

... ... ...

– *ဩော်... သူနှင့်ဝေးခဲ့*
*ပြေးလွှားနှစ်များ ကုန်လွန်သွားမှ*
*မနေ့ကလျှင်၊ ငါ့ထံဝင်၍*
*တွေ့ကြသောခါ*
*ရုပ်လာစားပွဲအေား*
*နီရွေးချယ်ရီ၊ ယှဉ်မီရုပ်ရင်း*
*သင်းမြရနံ့ လှိုင်ပျံ့မွှေးထုံ*
*ရင်ခုန်တစ်ခါ ဖိုရပြန်...*
– *ရယ်သံဟင့်သံ*
*ကြည်ဟန်ပြုံးဟန်၊ ခုဟန်ညှုဟန်*
*ကျန်သေးသည်ကို၊ အိုနုပျိုရင့်*
*သူနှင့်ချယ်ရီ၊ ရီဝေယစ်သန်း*
*ပန်းနုရောင်အို...*

**'ပန်းနုရောင်အို'** အမည်ရှိ ပန်းသွေးဖျော့ရောင် ကဗျာတစ်စကို ရှုမဝစာမျက်နှာပေါ်၌ ရင်ခုန်လှိုက်နွေးခဲ့ရသည်။ သူ့ကို ဆွတ်ခူးလိုက်ရစဉ် ကျွန်တော်တို့၏ ကဗျာဖွဲ့ဟန်များ၊ *'ဖွဲ့စနွဲ့စ၊ နှင်းဆွတ်မြခိုက်၊ ဖွဖွခြေချ၊ ဆောင်းချမ်းမြထဲ၊ ပန်းလွှပြုံလွှ၊ ချယ်ရီစနှင့်'* ဆိုသည့် အချသံစကားလုံး လှိုင်လှိုင်ထည့်ကာ ကဗျာတွေ သီကုံးဖြစ်ခဲ့သည်ထိ ကျွန်တော်တို့ နှလုံးသား များပေါ် ဖြတ်ကျော်နင်းလျှောက်သွားခဲ့ဖူးပေသည်။

ဆရာနှင့် ကျွန်တော်၏ အနေအထားက ဝေးဝေးမှသာ မှန်းဆ၍ လွမ်းပြခဲ့ရသည်။ သူ၏ အနုပညာထုံလွှများအပေါ် မျှော်ငေးရှိုက်မက်ခဲ့ရ ခြင်းအဖြစ်မျိုးနှင့်သာ နှစ်လိုအားကျနေခဲ့ရသည်သာ။ ဆရာ့ဝတ္ထုတစ်ပုဒ် ထဲက အိမ်ထောင်ဦးစီးတစ်ဦးနှင့် အနုပညာသည် ချစ်ဇနီးတစ်ယောက်တို့ ၏ ဇာတ်လမ်းတစ်ပုဒ်ကိုလည်း မှတ်မှတ်ထင်ထင်ရှိခဲ့ဖူးပေသည်။ သည် ဇာတ်လမ်းထဲက ယောကျ်ားသား၏ နေရာမှ ဝင်ရောက်ခံစား ရေးဖွဲ့ခဲ့သည့် စာရေးဆရာ၏ အနေအထားမှာ ပီပြင်ထောင့်စေ့လှသည်ဟု ခံစားခဲ့ရဖူးပါ

mgyoe.com

mgyoe.com

သည်။ ဆရာ၏အနေအထားမှာ လူလွတ်တစ်ယောက် ဖြစ်နေသည်မို့လည်း ပို၍နှစ်သက်ရခြင်းဖြစ်သည်။

တစ်ခုသော ရက်စွဲများ၌ ဆရာနှင့်ကျွန်တော် နီးစပ်နိုင်သော အနေအထားနှင့် တိုးတိုက်ခဲ့ရပေသည်။ ကျွန်တော့်ဘဝ ကမ်းနားသစ်ပင်ဖြစ်ခိုက် မောမြေမြင့်၌ အခြေစိုက်ခဲ့ရပေသည်။ ဆိုတော့ ဖြန့်ကြက်ရာ လက်တံထဲ၌ ဆရာခိုနားလျက်ရှိသည့် သာမိုင်းခန်းသည်လည်း ကျွန်တော်၏ အဝန်းအဝိုင်းထဲ ကျရောက်နေခဲ့သောကြောင့်ပါပေ။ သို့သော်လည်း ဆရာနှင့်ကျွန်တော်မှာ မဆုံစည်းခဲ့လေသောအဖြစ်မျိုးနှင့်သာ လွဲပြီးရင်း လွဲခဲ့ရပေသည်။ သည်လိုနှင့် ကျွန်တော်သည်လည်း မောအလှချယ်ရီ လုံမပျိုနှင့် လက်ပြနှုတ်ဆက်ခဲ့ရသည့်တိုင် ဆရာနှင့် ကျွန်တော်၏ ဆုံမှတ်တစ်ခုသည်လည်း လွမ်းပြရုံမှတစ်ပါး...။

(၃)

ဆရာ၏ပုံရိပ်များစွာက ကျွန်တော်တို့အတွက် လွမ်းဆွတ်ဖွယ်ရာတွေ များလွန်းပေသည်။ ငယ်နုသစ်စ ပုံပြင်များ၌လည်း ငေးလျဖွယ်ချည်းပင်။ တစ်ဆယ်မှ စွန်းထွက်စကာလမှာပင် ဂန္ထဝင်အဆီအနှစ်များဖြင့် စာပေရိပ်မြုံထဲ စူးဝင်ဖြတ်သန်းခဲ့ပုံများ၊ ဘန်ကောက်လုံချည် အမှတ်တံဆိပ်နှင့် တက္ကသိုလ်နယ်မြေ ရင်အုံညာပေါ် ကခုန်ပျံသန်းခဲ့ပုံများ၊ စန္ဒရားတစ်လုံးကို တက္ကသိုလ်ကျောင်းတိုက်ဆီ သယ်ဆောင်လာခဲ့ကာ သီချင်း၊ ဂီတနှင့် သက်ဝင်စေးကပ်ခဲ့ပုံများဖြင့် နှောင်းခေတ်မျိုးဆက်တို့အတွက် မမေ့ပျောက်နိုင်ဖွယ် ဇာတ်ဝင်ခန်းများပင်။

ပုဂ္ဂိုလ်ရေးခံယူချက်အရ ထင်ပေါ်လိုသူမဟုတ်။ တစ်ကိုယ်တည်းသမား၊ စာပေဂီတမှူ၌ တိမ်းညွတ်နွဲ့ပျောင်းလိုသူတစ်ဦး။ ကဗျာဖွဲ့လိုက်၊ စန္ဒရားတီးလိုက်ဖြင့် နေလိုသည့်နည်းတူ အသင်းအပင်း၊ အဖွဲ့အစည်းများနှင့်လည်း မယဉ်ပါးလိုခဲ့။ တစ်ကြိမ်တွင် ကိုဗဟိန်းက ၁၉၃၉–၄၀ တက္ကသိုလ်သမဂ္ဂအမှုဆောင်ရွေးပွဲ၌ ဒဂုန်တာရာ၏ အမည်စာရင်း သွင်းခဲ့ပေသည်။ ထိုနေ့က ဆရာဒဂုန်တာရာ အပြင်ထွက်ခိုက်နှင့် ကြုံနေခဲ့ပြီး သူကိုယ်တိုင်က သိမနေခဲ့ပေ။ သို့သော်လည်း ထိုနှစ်က သူ သမဂ္ဂအမှု

mgyoe.com

mgyoe.com

ဆောင်အဖြစ် အရွေးခံခဲ့ရသည်။ သည်နောက်မှာတော့ သူ မပတ်သက်လို သော အဖွဲ့အစည်းများ၏ ဝဲသြဃထဲ ကျင်လည်ခဲ့ရကာ သမဂ္ဂအမှုဆောင်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ ကမ္ဘာငြိမ်းချမ်းရေးကွန်ရက် (မြန်မာနိုင်ငံ)ဒုဥက္ကဋ္ဌ စသဖြင့် ကျင်လည်ခဲ့ရပေတော့သည်။ သူ့နှလုံးသည်းပွတ်အတွင်း ထာဝရ မြှုပ်နှံထားခဲ့သည်မှာက စာပေအနုပညာ ပန်းဝတ်လွှာနှင့် ငြိမ်းချမ်းရေး ထုံရနံ့သာပင်။ ဘယ့်အတွက် ထိုသို့ ကောက်ချက်ပြုရပါသလဲဟု မေးလာ ခဲ့သော် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ခန့်အပ်သည့် မြင်းခြံမြို့ပိုင် ရာထူး ကိုလည်းကောင်း၊ နိုင်ငံခြားအရာရှိနှင့် ဗမာပြည်သူ့တပ်မတော်၊ ပြည်သူ့ ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးရာထူးကိုလည်းကောင်း လက်ခံခဲ့ခြင်း မရှိသောကြောင့်ပါပင်။ သည်မျှဆိုလျှင် ဆရာ၏ နှလုံးသားအရောင်အသွေး ကို အကဲဖြတ်နိုင်လောက်ပါပြီ။

*

(၄)

ဆရာနှင့် စေးကပ်လျက်ရှိသည့် အရာများ၌ အနုပညာနှင့် ဆက်စပ် ပတ်သက်မှုများက အများဆုံး နေရာဦးထားခဲ့ပေသည်။ ကျေးလက်၌ ပျော်ဝင် ခဲ့စဉ် ကာလများဆီက စန္ဒရားနှင့် ယှက်နွယ်ကာ ဂီတပညာရှင်တစ်ဦး၏ စိတ်ကူးစိတ်သန်းများဖြင့် ထုံမွှေ့နေခဲ့ပေသည်။ နောက် တက္ကသိုလ်နယ်မြေ ထဲ ခြေချကျင်လည်ခဲ့ရပြီး သမဂ္ဂအမှုဆောင်အဖြစ် ရွေးချယ်ခံရကာ ၁၉ နှစ်သားအရွယ်ဖြင့် အယ်ဒီတာဘဝထဲ လက်ပစ်ကူးခဲ့ရပေသည်။ ၁၉၃၉– ၄၀ အိုးဝေမဂ္ဂဇင်း၌ ရေးသားခဲ့သည့် မဂ္ဂဇင်းခေါင်းကြီး ရေးသားဟန်ကြောင့် မြန်မာစာပေ ရေစီးကြောင်း၌ အောက်မေ့ဖွယ် ထင်ရှားခဲ့ပေသည်။ ဒဂုန် တာရာ၏ ရေးဟန်အတိုင်း ရေးဟန်များမှ ခုန်ထွက်ခဲ့ကာ စကားလုံးအသစ်၊ အတွေးအခေါ် ရှုမြင်ပုံ သစ်လွင်မှုတို့ဖြင့် ရင်ခုန်လှိုက်နွေးခဲ့ကြရသည်။ —

*ခေါင်းကြီး*

*အိုးဝေမဂ္ဂဇင်း၊ အမှတ် ၈၊ အတွဲ ၁၊ ၁၃၀၁ တပေါင်းလ၊ ၁၉၄၀။*

*ဥသြ… ဥသြဟု ရွှေဥသြသည် မြောက်ဘက် စိမ်းညို့သော မြိုင်ဦးမှ ငြိမ့်ရွှန်းစွာ တေးသီလိုက်သည်။*

mgyoe.com

mgyoe.com


*သူ့သာယာသော စေတသိက်၏ သစ္စာတရားပေါ်မှ စိမ့်ယို၍ ထွက်လာသော ဥသြတေးသံသည် လေအဟုန်ဝယ် နစ်မွန်းပျံ့ဝဲ လျက်၊ ပတ်ဝန်းကျင်ကို တလွင်လွင်မွှမ်းအောင် ထုံလိုက်လေသည်။*

..... ..... ..... .....

..... ..... ..... .....

*ထိုအခါ အပေါင်းကြွေလျှင် ရွက်သစ်လဲရမြဲ လောက 'ရာဇဝင် ကြောင်း သဘောတရား' ကို မလွန်ဆန်နိုင်သော သစ်ပင်ပန်းမန် တို့သည် ရွက်ဟောင်းကို စွန့်ပယ်၍ ရွက်သစ်ကို လဲလှယ်ကြကုန်၏။*

*လောကသည် စိမ်းစိုသစ်လွင်သော အနုအလှတို့ဖြင့် ပန်ဆင်ကာ တစ်ပွင့်နှင့်တစ်ပွင့်၊ တစ်ရွက်နှင့်တစ်ရွက် သာနာညီမျှစွာ ပဒေသာပန်း ကို သီကုံးလျက် ကြော့မဆုံး သာယာ၍နေပေသည်။*

*နွေဦးလောက၏ သာယာခင်းကို မြင်၍ ဘဝင်ကြည်နူး ညွတ် ညွတ်လုသော ရွှေဥသြသည် ဥသြ... ဥသြဟု နိဒါန်းတေးကို တစ်ဖန် ဆိုလိုက်ပြန်လေသည်။*

'အဲဒီနွေဦးဟာ တာရာမဂ္ဂဇင်း ခေါင်းကြီးပိုင်းတွေရဲ့ ရှေ့တော်ပြေး ပဲ' ဟူ၍ မန်းရတနာပုံမြေမှ တက္ကသိုလ်ကျောင်းတော်သား ကဗျာဆရာ တစ်ဦး၏ ကောက်ချက်ပြုပုံကိုလည်း ကျွန်တော်တို့ ကြားသိခဲ့ရဖူးပေသည်။ ဒဂုန်တာရာ၏ နှလုံးသား မြေမဟီထက်က 'နွေဦး' ပါပေ။

*

(၅)

ဒဂုန်တာရာနှင့် စန္ဒရား... စန္ဒရားနှင့် ဒဂုန်တာရာတို့ နှစ်ပါးကြည် ပုံကိုတော့ ဆရာတင့်တယ်၏ ရှုမြင်ရေးသားချက်များ၌ မြစ်ဖျားခံ ကြည့် ရှုနိုင်ပေသည်။

ဒဂုန်တာရာ၏ ရင်ခုန်သံ...

*တစ်နေ့တွင် မိုးဒေဝါ မလှရွှေတို့ အိမ်သို့ တာရာနှင့် လိုက်သွားမိ ခဲ့၏။ တာရာသည် စန္ဒရား၌ ထိုင်လေသည်။ တာရာသည် စန္ဒရား ခလုတ်များနှင့် လူရိုးတစ်ယောက် သုံးခွန်းသော စကားကိုပြောရန်*

mgyoe.com

ကြိုးစားသည့်ပမာ စမ်းတော့မလို၊ မစမ်းဘဲနေတော့မလို လုပ်စပြု လာသည်။

ခဏကြာသောအခါ တာရာနှင့်စန္ဒရားသည် အဘယ်ပုံ ချစ်ကြိုးသွယ်သွားမိကြသည်မသိ။ တာရာသည် ဘယ်သီချင်းထဲကမှန်း မသိသော အကွက်တစ်ကွက်ကို စိတ်လိုလက်ရ တီးလိုက်၏။ တီးကွက်မှာ မှိုင်တစ်ခုထဲမှ လေလားမသိ။ နွမ်းလျအားနွဲ့သော တီးကွက်ဖြစ်သည်။ တာရာ၏လက်သံကပင်လျှင် သူရေးတတ်သည့် စကားလုံးများအတိုင်းရေးရလျှင် 'ပန်းလျလျ' ထွက်ပေါ်လာသည်။ တာရာသည် စန္ဒရားထိပ်ကိုကျော်ကာ နံရံလွင်တီးခေါင်ကို ငေးနေသည်။ ဘေးတိုက်ကြည့်နေသော စာရေးသူသည် သူ့မျက်မှန်နောက်မှ မျက်လုံးကို အတိုင်းသားမြင်နေရသည်။ သူ့မျက်လုံးသည် ရီဝေနေသည်။ တစ်ခုခုကို တမ်းတမျှော်နေကြောင်းမှာ ထင်ရှားသည်။ တစ်ချက်တစ်ချက်တွင် သူ့နှုတ်ခမ်းထောင့်သည် ဆတ်ခနဲ တွန့်သည်။ တာရာသည် လွင့်ပါးနေသော ဂီတဝိညာဉ်တစ်ခုကို ဖမ်းဆွဲနေသလား၊ သို့တည်းမဟုတ် တာရာသည် မိုးကုပ်စက်ဝိုင်း၌ ခြေထောက်၍နေသော ဂီတသက်တံကို သူ့ဆီသို့ ညှို့ငင်ကာ ခေါ်၍ နေသလား။ ။ သူ၏အာရုံတွင် အတိတ်က ကြေမွသွားခဲ့သော ကြွေရုပ်ကလေးတစ်ခု၏ အစအနများကို ပြန်ကောက်ယူကာ ရုပ်လုံးပြန်ပေါ်အောင် ဆက်စပ်ရန် တနုံ့နုံ့...

ဟူ၍ပင် ဒဂုန်တာရာနှင့် ဂီတသံစဉ်များ ယှက်နွယ်ပေါင်းစည်းသွားခဲ့ကာ ဂီတရေလျဉ်တစ်ကြော မျောနစ်နေခဲ့ပုံများကို ဖော်ကျူးခဲ့ပုံများအား အကဲခတ်ကြည့်ရခြင်းဖြင့် ဆရာဒဂုန်တာရာနှင့် ဂီတသံစဉ်များအကြား အခြားမထင်နိုင်လောက်အောင်ပင် ပေါင်းစည်းယှက်နွယ်ခဲ့ပုံများကို ခံစားရနိုင်လောက်ပေသည်။

*

mgyoe.com


(၆)

ရေအလျဉ်တို့မည်သည် ထာဝရ စီးဆင်း၍နေသည်သာ...

တံတားအောက်မှ ရေအလျဉ်များက တစ်နေ့တုန်းက ရေများ မဟုတ်ကြတော့ပေ။

ကျွန်တော်တို့ ငေးလျှ အားကျခဲ့ရသည့် ငြိမ်းချမ်းရေး နှလုံးသားပိုင်ရှင် ဆရာဒဂုန်တာရာသည်ပင် ကျွန်တော်တို့အားလုံးကို လက်ပြနှုတ်ဆက်သွားခဲ့ပြီဖြစ်ပေသည်။

သို့သော်လည်း... ဆရာ ထွန်းညှိခဲ့ဖူးသည့် ငြိမ်းချမ်းရေးဝိညာဉ်ကတော့ ထာဝရဆက်လက်ကာ လင်းလက်နေဦးမည်မှာ အသေအချာပင်။ 'မုန်းသူမရှိ... ချစ်သူသာရှိ' ဆိုသည့် ဆရာ့လက်သုံးစကားတစ်ခွန်းသည်လည်း ကမ္ဘာတည်သရွေ့ မရွေ့မလျား ကျောက်စိုင်ကျောက်သားပမာ တည်တံ့နေဦးမည်သာပင်။

ကမ္ဘာမြေ... ငြိမ်းချမ်းပါစေ။

သြဂုဲသာ လောကဆီမှာတော့...

*'ရွှေဥသြက မြောက်ဘက် စိမ်းညိုသောမြိုင်ဦးမှ ငြိမ့်ရွှန်းစွာ တေးသီလိုက်ပေပြီ'*

နွေဦးမို့ပေ...။

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် (၃၂၉)၊ မေပြီ၊ ၂၀၁၇

❑

mgyoe.com

mgyoe.com

# ကြိုးတံတားရဲ့သံယောဇဉ်

*ပန်းစံပယ် နန်းအလယ်မပေါ်ခိုက်ဟာမို့... အလိုက်တော် တန်သင့်ရုံပ... ခံပွင့်ကိုကုံးရတယ်... ထွေးညိုလေးရယ်... အတွေး ဆိုတာ ဖျောက်ဖျက်ပစ်ရမယ်...*

လမ်းထိပ်ဘက် ရပ်ကွက်မွှောရုံ ဆွမ်းလောင်းအဖွဲ့ဆီမှ 'တွံတေးသိန်းတန်' ဆိုသည့်... တေးသံရှင်အဖြစ် အမည်နာမတစ်ခုကို မတ်မတ်ခိုင်ခိုင် စိုက်ထူကျန်ရစ်စေခဲ့သည့် တေးချင်း 'ထွေးညို'၊ တေးသံရှင် 'ကိုရင်သိန်းတန်' အဖြစ် လူသိများစေခဲ့သည့် တေးတစ်စ ပျံ့လွင့်လျက်။

အခုချိန်မှာတော့ ကိုရင်သိန်းတန်၏ အတိတ်ကာလ ငယ်ဘဝပုံရိပ်တွေက ဟိုးနောက်ဘက်နားဆီ မှုန်ရီပျပျ။

*

ကျွန်တော်၏အသက်အရွယ်နှင့် ဘဝနေနည်းဟန်ပန်၏ ပြဋ္ဌာန်းချက်ဟုပင် ဆိုပါတော့။

ယနေ့ခေတ် လုလင်ငယ်၊ လုံမငယ်တို့ ပါးစပ်ဖျား ရေပန်းစား ကခုန်ပျံသန်းလျက်ရှိသည့် ခေတ်ပေါ်တေးသွားတို့နှင့်တော့ ကျွန်တော့် Life Style က အနည်းနှင့်အများဆိုသလို အဟပ်တွေကွာပြီး သဟဇာတ သိပ်ကြီးမဖြစ်

mgyoe.com

mgyoe.com

လှတာကိုတော့ ဝန်ခံရမည်ဖြစ်ပါသည်။

သို့ပေမင့်... သူလည်း သူ့စုပ်ယူမှု၊ သူ့ခံစားမှုနှင့်

ကျွန်တော်လည်း... ကျွန်တော့်ရွေးချယ်ပိုင်ခွင့်၊ နစ်မြောခွင့်နှင့် မဟုတ်လား။

သူ့ခေတ်သူ့အခါအလိုက် ရေအလျဉ်တွေက ခရီးနှင်စီးဆင်းလျက်သာ။

ရေစီးနှင့်အတူ ကျွန်တော်တို့ ရှေ့ဘက်နားဆီက များပြားလှစွာသော အနုပညာရှင်များ၊ စာပေပညာရှင်များ မှည့်ရွှမ်းခဲ့ကြ၊ ကြွေလွင့်ခဲ့ကြ၊ တချို့ မရင့်မမှည့်ပေမင့် ကြွေလွင့်ဆုံးပါးခဲ့ကြရပါပြီ။ ရင့်ညောင်းညှာကြွေမို့ ဖြေဆည်၍ ရနိုင်သော်လည်း အချို့က မရင့်မညောင်းဘဲ ဘဝပြောင်းခဲ့ရသူတွေအတွက် ကျွန်တော်တို့... ဩော်... သည်လိုဖြစ်ရပ်အစဉ်အလာတွေ ရှိတတ်ပါသေးလား... ဆိုပြီး ကျမျက်ရည် စီးတွေရုံမှတစ်ပါး။

ဆက်လက်၍ ကြွေလွင့်ကြရဦးမည်မှာ ရွေးချယ်ပိုင်ခွင့်မရှိသည့် ကိစ္စတစ်ခုမျှသာ။

**"အနုပညာသက်တမ်း ရှည်ကြာသလောက် ဘဝက သက်တမ်းတိုလှသည်"**

ဟုတ်ပါသည်။ ကျွန်တော်တို့၏ ချစ်ခင်လှစွာသော အနုပညာသည် 'တွံတေးသိန်းတန်' ဟူသော တေးသီငှက်တစ်ကောင် အတောင်ဟုန်ဖြန့်၍ ပျံသန်းအားကောင်းဆဲ အခိုက်အတန့်၊ သူချစ်သော အနုပညာလောက၊ လူသားတစ်ယောက်၏ ဘဝစာမျက်နှာပေါ်မှ နှုတ်ဆက်ထွက်ခွာ လက်ပြသွားခဲ့ရှာပေ၏။

ကျွန်တော် တစ်ဦးတည်း၏ နှလုံးသားခံစားချက်ဖြင့် ဆိုရပါလျှင် သူ ကြွေလွင့်ဆုံးပါးဖို့ အချိန်အခါမရောက်သေး၊ ကြွေလွင့်ဖို့ မတန်သေးဟု ငြင်းဆိုချင်ပါသည်။ သို့ပေမင့်...

ဆောင်းသဇင် ရနံ့တို့ဝေလွင့်စ
ငွေနှင်းပုလဲတို့ ကြွေဝဲစ
မြောက်ပြန်လေဖွဲ့... နနွဲ့စ
၁၁–၁–၁၉၉၉ ... ဆိုသည့် ဆောင်းရက်တစ်ရက်၏ နှင်းခသဇင်

mgyoe.com

တို့ မွေးမြဲသောကာလတစ်ခုတွင် သူ ... ကြွေလွင့်သွားခဲ့ပါပြီ။

ဆရာ့ထံပါးသို့ အချိန်နှောင်းစွာ ကမ်းကပ်လာခဲ့ရသည့် စလင်းမောင်ငွေးကြည်က ဆရာ့အုတ်ဂူတွင် ဦးခိုက်ဝပ်တွားခဲ့ပုံကို ပြန်လည်မြင်ယောင်မိသည်။ ထိုအတူ တွံတေးသား ကဗျာဆရာ မောင်စံဖြောက မြားနတ်မောင်မဂ္ဂဇင်းမှတစ်ဆင့် အလွမ်းပွင့်စာသဝဏ်ကို ရင်နင့်စွာ စေပါးခဲ့ပါသည်။

*"ပန်းမြေမှာ*
*ပန်းဝေဖြာအနေမဆန်းသော်လည်း*
*ပန်းကြွေတာ အဖြေမဆန်းသော်လည်း*
*ပန်းခြေရာအသရေ မနွမ်းအပ်ပါဘု*
*ပန်းမြတ်တရား..."*
ဟူ၍... ဟူ၍

*

ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းမကြီးပေါ်က သီချင်းပွဲတော် ဆင်နွှဲရာ ဂီတပဒေသာစင်မြင့်ပေါ်မှ ကိုရင်သိန်းတန်၏ တေးသံသာများ၊ ကျိုက္ကဆံကွင်း စင်မြင့်ထက်ဆီမှ ဂီတပဒေသာညချမ်းများ... လွမ်းမည်ဆိုလျှင်တော့ လွမ်းချင်စရာတွေက များမှများ။

မြန်မာပြည်တစ်နံတစ်လျား ထက်အောက်တစ်လွှား ပျားပန်းခပ်စည်ကားစွာ အောင်မြင်မှုပန်းရနံ့တွေ ထုံပျံ့ဝေခဲ့သည့် တွံတေးသိန်းတန်။

*စုံနံ့သာမြိုင် ရှာပုံဖွင့်ပါလို့ရယ်... ရင်နင့်အောင် ချစ်ရလွန်းသူ... အပူတပြင်းရှာဖွေ ရေမြေဆုံးစေ့တကယ်... လှဂမုန်းနွယ် ချစ်သက်ဦးရယ်... ဘဝဆုံးတကယ်မပစ်ရက်ဘူးကွယ်... ရှုံးတယ်ဆိုစေဦးတော့...*

သည်တေးတစ်စကို စတင်နားဆင်ရသည့် ကျွန်တော်တို့ ငယ်စဉ်အလယ်တန်းကျောင်းသားဘဝဆီ ပြန်လည်၍ လွမ်းတမိသည်။ ကျွန်တော်တို့၏ ကျေးလက်ယဉ်ကျေးမှုက ပွင့်လင်းရိုးရှင်းသည်။ အလှူမင်္ဂလာကိစ္စမှန်သမျှ အသံချဲ့စက်သံတို့ဖြင့် ထုံမွှမ်းပျံ့လွင့်သည်။ ဟိုဘက်သည်ဘက်

mgyoe.com

mgyoe.com
ရှာနီးချုပ်စပ်ကြားရအောင် သစ်ပင်မြင့်မြင့်ထက် တက်၍ စပီကာအော်လံကို ကြိုးဖြင့်ချည်နှောင်ကြသည်။ ရေပန်းစား လူကြိုက်များသည့် တေးသီချင်း၊ ဓာတ်ပြားများ တစ်ချပ်ပြီးတစ်ချပ် ဖွင့်ကြနှင့် တကယ့်ပျော်စရာ...

သည်အခါက တွံတေးသိန်းတန်၏ ဓာတ်ပြားများ သရဖူဆောင်းခဲ့သည်။

တစ်စထက်တစ်စ တေးလောကမှသည် ရုပ်ရှင်ပိတ်ကားပေါ်သို့တိုင် ဖြတ်သန်းခဲ့။

တစ်ခါတစ်ရံ သူ၏ တေးတစ်ပိုင်းတစ်စကို လွင့်ပျံ့လာသည့် လေလှိုင်းသံမှတစ်ဆင့် နားဆင်ရလေတိုင်း ဟိုတစ်ချိန် ငယ်ဘဝများဆီသို့ မှတ်မှတ်ရရ လွမ်းမြရတတ်ပါသည်။

အခုတော့... ကြေကွဲလွမ်းမြရုံမှတစ်ပါး။

*

ကျွန်တော်တို့၏ ငယ်ဘဝ စာမျက်နှာများစွာထဲမှ နွေဆည်းရီ ညချမ်းတစ်ခုကို သတိတရရှိခဲ့ဖူးပါသည်။

*"အိပ်၍မပျော်သော ညတစ်ည သံသရာလည် × × × လေသာပြတင်းနံဘေးဝယ် × × × ဖွေရှာငေးမော ကြည့်နေစဉ်ဝယ် × × × တိမ်တိမ်လွှာတွေလည်း မည်းမည်း × × × မှောင်ရီခြယ် × × × အစွဲများခြောက်လှန့်နေသည်နှယ် × × × အသည်းများ ထိတ်ထိတ်ပါတယ်ကွယ် × × × အိပ်၍မပျော်သော × × × ညတစ်ညရဲ့ ညဥ့်လယ်သံသရာဝယ်"*

ဆိုသည့် တေးသွားတစ်စကို မြန်မာ့အသံ ရေဒီယိုလေလှိုင်းမှတစ်ဆင့် နားဝယ် ဆင်သခဲ့ရပါသည်။ သည်စဉ်ကာလတုန်းက ကျွန်တော်၏ အသက်အရွယ် ဆယ်ဂဏန်းမှ စွန်းထွက်စ ဆယ်ကျော်သက်မျှသာ။

တေးသံရှင်အမည်က စန္ဒရားလှထွတ်။

နောင်သောအခါ ကျွန်တော်တို့လည်း တစ်စတစ်စ အရွယ်ရောက်၍ လာခဲ့သည့်အခါ စန္ဒရားလှထွတ်၏ တေးလက်ရာများစွာကို အခါမလပ် နားသောတဆင်လာခဲ့ရပါသည်။ တေးသံရှင်ပေါင်းများစွာပင် စန္ဒရား

mgyoe.com

mgyoe.com


လှထွတ်၏ လက်ရာတေးများဖြင့် အောင်မြင်ကျော်ကြား နာမည်တွေ ရကာ အောင်ပန်းတွေ ဆင်မြန်းနိုင်ခဲ့ကြသည်။

မြန်မာ့အသံ ဓာတ်ပြားရတေးပေါင်း မြောက်မြားစွာ၊ ရောင်းတမ်း ဓာတ်ပြားများစွာ၊ ရုပ်ရှင်တေးသီချင်းပေါင်းများစွာ... အောင်မြင်ထင်ရှား ရေပန်းစားခဲ့သည်။ ထိုသို့သော တေးချင်းပေါင်းများစွာထဲမှ စွန်းထွက်ကာ လူကြိုက်များခဲ့သည့် တေးပေါင်းလည်း မနည်းမနောပင် ပါဝင်ခဲ့ကြ၊ လျှမ်းတောက် ဝင့်ထည်ခဲ့ကြသည်။

စန္ဒရားလှထွတ်၏ တေးများစွာထဲမှ 'ချစ်အဓိပ္ပာယ်၊ ချစ်ပါရဲ့လား မေးစမ်းချင်၊ ချစ်လိုလျက်နဲ့ဝေး၊ ပပဝင်း၊ တို့ပြည်ထောင်စုသား၊ ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်၊ ဆောင်းနှင်းမြူနဲ့ ကိုယ့်ချစ်သူ၊ မုန်းရစ်လေဦး၊ သံသရာတစ်ကွေ့ဝယ်' စသည့် တေးများက တေးချစ်သူအပေါင်းတို့ ပါးစပ်ဖျားဝယ် အထူးပင် ရေပန်းစားကာ လူကြိုက်များသည့် တေးချင်းများ ဖြစ်ခဲ့ရပါသည်။

ထိုနည်းတူစွာပင် စန္ဒရားလှထွတ်ကိုယ်တိုင် သီကြွေးခဲ့သည့် တေးများလည်း ပြည်သူချစ်သော တေးများစွာ ပေါ်ထွက်ခဲ့ပါသည်။ မုန်းရစ်လေဦး၊ အိပ်၍မပျော်သောညများ၊ သည်သောင်ယံ (မာမာအေးနှင့် စုံတွဲသီချင်း)၊ တိမ်တမန် စသည့်တေးများ အောင်မြင်ခဲ့ပေသည်။

အချို့သောတေးများကို တေးသံရှင်တစ်ဦးမက သီဆိုရင့်ကျူးခဲ့သည် များရှိခဲ့သည်။

'ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်' တေးတစ်ပုဒ်ကို တွံတေးသိန်းတန်က ဦးစွာသီဆိုခဲ့ပြီး ရုပ်ရှင်မင်းသား တေးသံရှင် ဝင်းဦးလည်း ထပ်မံသီဆို၍ အောင်မြင်ခဲ့ဖူးတာ တွေ့ရပါသည်။ 'ချစ်တယ်' ဆိုသည့် တေးချင်းတစ်ပုဒ်ကိုတော့ စန္ဒရားလှထွတ်ကိုယ်တိုင်နှင့် ရုပ်ရှင်မင်းသား တေးသံရှင် သုမောင်တို့ သီဆိုခဲ့တာ တွေ့ရပါသည်။

*

အနောက်တောင်ဘက်အရပ်ဆီမှ တရိပ်ရိပ် တလိပ်လိပ်တက်လာသည့် မိုးရိပ်တိမ်တောင်များနှင့်အတူ မိုးပုလဲပန်းတို့ သွန်းဖျန်းလာခဲ့ပြီ။
mgyoe.com

mgyoe.com

သည်မိုးစက်မိုးပေါက်များနှင့် ဝေ့ဝဲပါလာသည့် စန္ဒရားလှထွတ်၏ တည်ငြိမ်အေးချမ်းလှသည့် တိမ်တမန် တေးတစ်စက ကျွန်တော်၏ နားစည်မှေးပါးကို လာရောက်တီးခတ်ခဲ့ပါတော့သည်။

*"မိုင်းပြာမှုန်ဝေ × × × တိမ်မည်းညိုရိပ်တွေ × × × တောင်ပြန်လေ × × × တပ်လှန့်နှိုး နှိုးကြွလာပြီလေ × × × တဖြည်းဖြည်း လာချေပြီလေ × × × ပင်လယ်တွေဖြတ်သန်း × × × ရိုးမအပေါ် × × × လွှားကျော်ကာပေ × × × သူ့ချစ်မိတ်ဆွေ × × × တို့မြန်မာနိုင်ငံမြေ × × × လက်ဆောင်ပါးတယ် × × × မိုးပုလဲပန်းတွေ"*

တစ်ဆက်တည်းဆိုသလိုပင် သူချစ်သည့် ညီငယ် တွံတေးသိန်းတန်အတွက် အမှတ်တရ တေးစီးရီးခွေထုတ်စဉ်က စန္ဒရားလှထွတ်၏ စကားတစ်စကို အမှတ်ရနေမိသည်။

စကားလုံးအတိအကျ မဟုတ်သော်လည်း "သိန်းတန်ရေ... သွားနှင့်ပေဦးတော့။ အလှည့်ကျတော့ တို့လည်း မင်းလို ထွက်ခွာရမှာပါ" ဆိုသည့် အဓိပ္ပာယ်မျိုး၊ သူချစ်သော ညီငယ် တွံတေးသိန်းတန်သို့ မှာတမ်းခြွေခဲ့ပုံ။ အမှတ်တရတေးစီးရီးတွင် တွံတေးသိန်းတန်၏ အအောင်မြင်အကျော်ကြားဆုံးဖြစ်သည့် 'နှမလက်လျှော့နေလေတော့' တေးသီချင်းကို အသည်းလှိုက်နင့်နင့်၊ ကျူးရင့်သီကြွေးခဲ့ပုံများ...

ခုတော့... ဆရာသည်လည်း သူ၏ ချစ်သောတပည့် တွံတေးသိန်းတန်ကဲ့သို့ပင် လူသားတိုင်း မလွန်ဆန်နိုင်သည့် နောက်ဆုံးခရီးရှည် ထွက်ခွာသွားခဲ့ရှာပေပြီ။

၅-၁-၂၀၀၀ နေ့တွင် သူချစ်သော ဂီတလောက၊ စာပေလောကနှင့် အသိုင်းအဝိုင်းအားလုံးကို ကျောခိုင်းစွန့်ခွာလျက်...

*

*"ဘဝချင်းဖြင့် မမေ့ရှုံအခင်းစကားထင့် × × × လှယမင်းနှင့် တွေ့ဆုံခြင်းများပင် × × × လှယမင်းနှင့် တွေ့ဆုံခြင်းပင် × × × မေတ္တာတွေလား အမုန်းတွေလားဟင် × × × ခွဲခွဲခြားခြား ... သိ*

mgyoe.com

mgyoe.com


*နားမလည် × × × ရွှေအားငယ်ခဲ့ရသည်ပင် × × × ညဥ့်လယ် အိပ်မက်… အတွေးကမ္ဘာထဲ× × × ယောင်လည် စမ်းတဝါးဝါး × × × အဖြစ်များလည်း မဖြစ်ပါစေချင် × × × အမြဲသာ စေစား မယှ် × × × အသည်းလွှာ အဖြေစကားများသာပင်"*

ကျွန်တော်တို့ အသည်းနှလုံးများ လူးလွန့်နိုးထစ။

တေးချစ်သူ လူငယ်တို့ဝန်းကျင်တွင် ညှို့ငင်စွမ်းအား ကောင်းလွန်းခဲ့သည့် နဘောထပ် ကာရန်လေးများ တေးသွားအနုအလှလေးများနှင့် သည်တေးတစ်စ။

သူ၏ သီချင်းရေးဆရာဘဝ ဂီတမှတ်တမ်းတွင် အအောင်မြင်ဆုံးဟု ဆိုနိုင်သည့် တေးချင်းတစ်ပုဒ်၊ လှယမင်းနှင့်တွေ့ဆုံခြင်း။ သည်တေးချင်းကပင် ကျွန်တော်တို့၏ စိတ်ကူးလှေငယ်ကို အဝေးတစ်နယ်ဆီ ညှို့ငင်ခေါ်ဆောင်နိုင်စွမ်းခဲ့သည်။ ၁၉၈၀ လွန်ကာလများမှသည်… ကျွန်တော်တို့၏ ချစ်လှစွာသော အစ်ကိုကြီးနှင့် နီးနီးကပ်ကပ်။

သူက… ကဗျာဆရာ၊ သီချင်းရေးဆရာ ရွှေဖြူးလွင်သစ္စာ…၊ ကဗျာများ၊ သီချင်းများနှင့်…

ဆရာမောင်သက်ကြူ၊ ဆရာသူရဇော်၊ ဆရာမောင်တည်ငြိမ်တို့ နေထိုင်ရာ ကြည့်မြင်တိုင် အလုံဝန်းကျင်သို့ ကျွန်တော့်လှေက မကြာမကြာ ဆိုက်ကပ် ကျောက်ချဖြစ်ခဲ့သည်။ ညဥ့်ဦးပိုင်းကာလများ။ မောင်မောင်ငွေးလေး (ထီးတန်း)၊ မြေလတ်ညိုသင်း၊ အောင်လံမြေ နေညိုညို… တို့၊ ဆရာမဒေါ်ခင်သန်းငွေး (ခင်–တိုင်းရင်းမေ) ထံသို့ ကဗျာစာမူပေးပို့ခြင်း၊ တိုင်းရင်းမေဂျာနယ် သွားရောက်ယူငင်ခြင်းများ ပြုကြသည်။

သည်စဉ်က အစ်ကိုရွှေဖြူး၏ သောသောရွှင်ရွှင် စကားအလျဉ်ကြောတွင် နစ်မျောပျော်ရွှင်စွာ ကူးဝင်စီးမျောခဲ့ကြဖူးပါသည်။

နောက်… သူက "စိတ်ကို စိတ်ဖြင့်ဟောမည်" ဆိုကာ ၃၅ လမ်းတွင် အလုပ်ခန်းဖွင့်၍ အများတကာ၏ အပူအပင်ကို သူ၏ပညာ၊ သူ၏စေတနာဖြင့် ကူငင်ဖယ်ရှားပေးခြင်းအမှု ပြုခဲ့ပါသည်။

ကျွန်တော်က ဝန်ထမ်းဘဝဖြင့် ရန်ကုန်မြေကျောခိုင်းကာ မြန်ပြည်တစ်နံတစ်လျားသို့ ရွှေ့လျားခြင်းအမှုတို့ဖြင့် ရှက်လွှင့်ခဲ့ရတော့ သူနှင့်

mgyoe.com

mgyoe.com

ကျွန်တော်တို့ ဝေးကြဖို့အကြောင်းတွေ ဖန်လာခဲ့ရသည်။ မီးဝေးချိပ်ပမာ... ဆိုရလေမလား။ ကျွန်တော်က အဝေးတစ်နေရာ...။

သူကတော့ ရန်ကုန်မြို့ပြ၏ ကွန်ကရစ်တောဇရိယာမှာ။

သူ၏တေးသီချင်းများလည်း ရေဒီယိုလှိုင်းများမှတစ်ဆင့် ပြည်သူများ အမှတ်တရရှိခဲ့ရ။ မကြာခဏ သောတနားဆင်ရသည့် 'ဆပ်သွားဖူးနှင့် ချစ်ဦးသူ'၊ 'ဘဝပန်းဖေဒါ'၊ 'မခုတ်တတ်တဲ့ ကြောင်'၊ 'ဆည်ရေသောက်တဲ့ ရွာကလေး' စသည့် တေးချင်းများနှင့်အတူ ပျော်ပါးပျံသန်းရွေ့လျားခဲ့။

သည်လိုနှင့်... တစ်နေ့သောအခါ သူကချစ်သည့်သူ၊ သူ့ကိုချစ်သော သူများနှင့် ဆန့်ကျင်ရာ အဝေးဆုံးတစ်နေရာဆီသို့... ထွက်ခွာသွားခဲ့။

သူ၏ နောက်ဆုံးခရီးစဉ်သို့ လက်ပြနှုတ်ဆက်ခြင်းအမှု ကျွန်တော် မပြုခဲ့ရ။

*

'နှမလက်လျှော့ နေလေတော့' မှ အစပြုလျက် 'အိပ်၍မပျော်သော ညများ' အလယ်... 'လှယမင်းနှင့်တွေ့ဆုံခြင်း' အဆုံး။

ကျွန်တော်တို့၏ နှလုံးသားများကို တစ်စုံတစ်ခုသော အတိုင်းတာထိ ညှို့ယူဖမ်းစားလှုပ်ခတ်နိုင်စွမ်းသော တေးချင်းကလေးများဟု ဆိုပါလျှင် ကျွန်တော် လွန်လေမလား။

ကျွန်တော်ကတော့ သည်တေးချင်းကလေးများ ခေါ်ဆောင်ရာဆီ တကောက်ကောက်လိုက်ပါရင်း 'အလွမ်း' ... ဆိုသည့် နွယ်တစ်မျှင်က ကျွန်တော့်နှလုံးသားနှင့် ထိုတေးချင်းကလေးများအကြား သံယောဇဉ်ကြိုး တံတားခင်းထားဘိအလား...။

ကလျာမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၂

❑

mgyoe.com

mgyoe.com

## ခေမရဋ္ဌသို့ နှုတ်ဆက်သီချင်း

ပင်လယ်ပြင်အထက် ပေ ၄၀၀၀ ကျော်မှာ
သူတော်စင်လို ကေစာကျင့်တဲ့မြို့
ရွှေဘုန်းပွင့်စေတီတော်ကို
ဦးခေါင်းပေါ်ရွက်တင်ထားတဲ့မြို့
မိုးပြိုမှာစိုးလို့ တောင်ပေါ်ကနေ
မိုက်ကရိုဝေ့ဖ်တိုင်ကြီးနဲ့ ထောက်ထားတဲ့မြို့
ပါးမို့နီနီတို့အကြိုက်
တောဂေါ်လီကောင်လေးနဲ့... ဒိုးလုံး
ပြုံးပြုံးကြီး ပန်းဝင်တဲ့မြို့
မျက်ရည်လောကများရဲ့ဟိုဘက်မှာ
ဆရာတက္ကသိုလ်ဘုန်းနိုင်နဲ့ စာကြေးမုံ
ဆရာတို့
နှင်းမှုန်မှုန်မှာ နေစာလှုံခဲ့တဲ့မြို့...

ခေမာရဋ္ဌ၏ ဒက္ခိဏဌာနေ ရုံးစိုက်ရာ။ မြို့ပြအနေအထားက တောင်ပေါ်ဒေသ။

mgyoe.com

mgyoe.com

တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း။ ရှမ်း၊ ပအို့ဝ်၊ ဓနု၊ အင်းသား စသည့် တိုင်းရင်းသားညီနောင်အများစုတို့ နေထိုင်မွေ့လျော်ရာ ရပ်ဝန်း။ "မောမြေမြင့်မှ လှိုက်လှဲပျူငှာ ကြိုဆိုပါ၏..." နှုတ်ခွန်းဆက်စကားနှင့်အတူ အေးသာယာ မြို့သစ်လွန်သည်နှင့် မောမြေသို့အဝင် မြို့ဦးဆိုင်းဘုတ်က နွေးထွေးပျူငှာ ကြိုလင့်လျက်။ နွေဦးပေါက်ရာသီကူးသည်နှင့် ရွက်နုတို့ဖြင့် သစ်လွင်လန်းဆန်းစွာ ဘော်ငွေရောင်ပွင့် စွယ်တော်များက လမ်းဘေးဝဲယာ မြို့အဝင် တောင်တက်လမ်းတစ်လျှောက် သူ့ထက်ငါ အပြိုင် အလှပြနေကြသည်မှာ ကြည်နူးဖွယ်ကောင်းလွန်းပါဘိ။ အကွေ့အကောက် လမ်းရိုးအတိုင်း တစ်ဆင့်ချင်းတက်ရောက်လာခဲ့ရာ ပင်လယ်ရေပြင်အထက် ၄၇၁၂ အမြင့်တွင် တည်ရှိကြောင်း ဖော်ပြချက်တို့က သူ့နယ်မြေပိုင်နက် အတွင်း ဝင်ရောက်ခိုနားလာသူအပေါင်းအား သတင်းမက်ဆေ့ချ်ဖြင့် မိတ်ဆက်လိုက်ပါသည်။

မောမြေမြင့်ကို အနှစ်သက်ဆုံး ရာသီကတော့ မြို့အရှေ့ဘက် တောင်ကြောတစ်ခုလုံး တောင်ခိုးတွေနှင့်အတူ သူ့တစ်ခေါင်းလုံး ချယ်ရီတွေ ဝေနေအောင် ပန်ဆင်ထားတတ်သည့် ဆောင်းရနံ့သင်းသင်း နှင်းခဲညနေ ချမ်းတွေပါပဲ။ အဲဒီအချိန်မှာဆို ဥရောပရာသီဥတုနဲ့ ဘယ်သူကြည့်လိုက်ကြည့်လိုက် အနွေးထည်တွေ၊ လည်စီးပဝါတွေ၊ နှင်းကာဦးထုပ်တွေနဲ့၊ ဟိုအစ်ကိုတွေပြောသလို ရာသီဥတုကတော့ ကိုယ့်ဘက် ခပ်ပါပါအနေအထားပါပဲ။

ကျွန်တော့်အလိုအရတော့ အေးမြတဲ့သဘာဝကို နှစ်သက်တတ်သူမို့ မောမြေမြင့်နှင့် ကျွန်တော်၊ ကျွန်တော်နှင့် မောမြေမြင့်တို့ သဟဇာတဖြစ်ပြီးရင်း ဖြစ်နေတာ မဆန်းတော့ဘူး ဆိုရမလောက်ပါပဲ။ ကျွန်တော် ရောက်ရှိခိုလှုံခဲ့ဖူးသမျှ ဒေသရေမြေတို့ရဲ့ ဂျီအိုဂရပ်ဖီအခြေအနေနဲ့ ရာသီဥတုတွေထဲကမှ အနှစ်သက်ဆုံးကို ပြောပါဆိုပြီး ဆန္ဒတောင်းခံလာရင်တော့ မောမြေမြင့်က နံပါတ် ၁ ပါပဲလို့ အားနာနာနဲ့ ပြန်ကြားမိမှာ အမှန်ပါပဲ။ တစ်မြို့လုံးမှာလည်း ချယ်ရီတွေနဲ့ စုတ်ချက်သထားပြီး ချယ်ရီပွင့်ချိန်ရောက်တိုင်း ဥယျာဉ်နဲ့အပြည့် ချယ်ရီပန်းပွဲတော်ကို လာရောက်ခံစားတတ်တဲ့ ဂျပန်လူမျိုးတွေရဲ့ မြင်ကွင်းကို အမှတ်တရ ဖြစ်နေမိပါသည်။

mgyoe.com

mgyoe.com


လင်းပွင့်လာမည့် မနက်ခင်းသစ်နှင့်အတူ ချစ်မိတ်ဆွေနှစ်ဦးသား နွေးနွေးထွေးထွေးလေး ဝတ်ဆင်ပြီး ကျွန်တော်တို့ကျောက်ချရာ မြို့မဈေးကြီးရှေ့နားကနေ ဗိုလ်ချုပ်လမ်းတစ်လျှောက် မြောက်ဘက်မှသည် တောင်ဘက်ဆီသို့ ခပ်မြန်မြန် လျှောက်လှမ်းခဲ့ကြပါသည်။ တောင်ဘက်အစွန်နားဆီမှ 'စူဠာမုနိ' စေတီတော်ရင်ပြင်ပေါ်သို့ တက်ရောက်ဖူးမြော်၊ အကြောပြေလေ့ကျင့်ခန်းအနည်းငယ်လှုပ်ရှားကြပြီး နောက်ကြောင်းပြန်လှည့်၊ ဒါက မနက်ခင်းပိုင်း ကျွန်တော်တို့ ပရိဂရမ်။

လမ်းလျှောက်ရာမှအပြန် မြို့မဈေး စားသောက်ဆိုင်တန်းများဘက်ဝင်ရောက်၍ အဆာပြေ စားသောက်ကြပါသည်။ ကျွန်တော် ရောက်ရှိရာဒေသတိုင်းတွင် သူ့ဒေသထွက်အစားအစာကို မက်မက်စွာ စားသုံးတတ်သူမို့ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး၊ တို့ဟူးကြော်၊ ဝက်ခေါက်ကြော်၊ အင်းလေးငါးချဉ်ထုပ်၊ ငါးဒုက္ခဟင်းလျာ စသည်ဖြင့် တစ်နေ့တစ်မျိုးစီ ပြောင်းလဲစားသုံးပါသည်။ လက်ဖက်ခြောက်မွှေးမွှေး၊ ရေနွေးကြမ်းပူပူတို့ဖြင့် နံနက်ခင်းဘက် အစားအသောက်ကလည်း နှစ်သက်ဖွယ် ဖြစ်၍နေပါတော့သည်။

အညာဒေသများကဲ့သို့ပင် တောင်ကြီးမြို့၏ ဈေးနေ့သည်လည်း ငါးရက်ပတ် တစ်ဈေးဖြစ်ပါသည်။ ဈေးနေ့များတွင် ကျေးလက်မှ လာရောက်ရောင်းချသည့် တောဈေးသည်များနှင့် စည်ကားလှပြီး ထိုနေ့တွင် အခြားသောနေ့များထက် ဟင်းသီးဟင်းရွက်၊ အသီးအနှံများ ဝယ်ရတာ အဆင်ပြေလှပါသည်။

မြို့မဈေး၊ စဝ်စံထွန်းဈေးများကတော့ ဥပုသ်နေ့တွင် ဈေးပိတ်ရက်ဖြစ်ပြီး အခြားနေ့များ နေ့စဉ် ဖွင့်လှစ်ရောင်းချကြပါသည်။

မြို့တည်နေပုံမှာ တောင်နှင့်မြောက် အလျားရှည်ပြီး မြို့အရှေ့ဘက်တွင်ရှိသည့် တောင်ကြောကို ကျောပိုက်ဝန်းရံထားပါသည်။ တောင်ပိုင်းရှမ်းပြည်နယ်၏ လမ်းဆုံဖြစ်ပြီး လွိုင်ကော်ဘက်သို့လည်းကောင်း၊ ကျိုင်းတုံဘက်သို့လည်းကောင်း ဆက်လက်ရှက်လွင့်ရာ လမ်းကြောင်းပေါ်ကျရောက်နေ၍ ခရီးသွားဧည့်သည်တို့ဖြင့် ထာဝရစည်ကားရာ မြို့တစ်မြို့လည်း ဖြစ်ပေသည်။

အေးမြသာယာသည့် ရာသီဥတုအနေအထားနှင့် နေရထိုင်ရသည့်

mgyoe.com

mgyoe.com


မှာ သက်သောင့်သက်သာဖြင့် ဘယ်ဆီကြည့်ကြည့် သန့်ရှင်းသေသပ်နေကြသည်မှာ သဘာဝကပေးသည့် လက်ဆောင်ကောင်းတစ်ခုဟု ဆိုလောက်ပါပေသည်။

*

မြို့အနေအထားမှာ အနိမ့်အမြင့် အတက်အဆင်းများနှင့် သစ်ပင်သစ်တောအုပ်အုပ်ဆိုင်းဆိုင်းမို့ ထာဝရအေးချမ်းရိပ်ငြိမ်ထဲ ရောက်နေဘိသို့ နေထိုင်ရ နူးညံ့ညင်သာရှိပါသည်။ လမ်းဘေးအလှစိုက်ပန်းခင်းများက အရောင်အသွေးစိုစိုလွင်လွင်ဖြင့် ချမ်းမြေ့ဖွယ်။ မိုးကာလတွင် မိုးရွာပြီးသည်နှင့် မိုးရေများ လျှောဆင်းသွားကြပြီး သန့်သန့်ရှင်းရှင်းနှင့် ခြံများ၊ ဝင်းများက သပ်သပ်ရပ်ရပ်။ ပန်းခင်းများနှင့်၊ ပန်းခုံများနှင့်။ ပြင်ဦးလွင်ပြီးလျှင် ဒုတိယပန်းမြို့တော် ခေါ်ရလောက်အောင်ပင် မြို့ပြအဆင်ဒီဇိုင်းက လှတပတ မျက်စိအေးဖွယ်။

သည့်အတွက်ကြောင့်ပင် ယခင်နှစ်အနည်းငယ်ဆီက အာဆီယံနိုင်ငံများအလယ်တွင် ဂုဏ်ယူဖွယ် မြို့တစ်မြို့အဖြစ် သရဖူအပ်နှင်းခံခဲ့ရခြင်းက အမှတ်တရဖြစ်ခဲ့ရပါသည်။

မြို့၏အဆင်တန်ဆာတစ်ခုအနေဖြင့် သီတင်းကျွတ်ကာလလွန်သည်နှင့် ပအို့ဝ်တိုင်းရင်းသားတို့၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို လက်ညှိုးညွှန်ရမည်ဖြစ်ပါသည်။ မြို့နယ်များအလိုက် ပဒေသာပင်များ သယ်ဆောင်လာကြပြီး ရှမ်းအိုးစည်နှင့် ဓားသိုင်းကသူများ၊ ပျိုအိုအရွယ်စုံ လူတန်းကြီးများဖြင့် မြို့နယ်အလိုက် ကိုယ်စားပြု နဖူးစီးစာတန်းများ၊ အတီးအမှုတ်အကအခုန်များနှင့် အားကျရလောက်အောင် စည်ကားလှပေသည်။

အစဉ်အဆက် နားသောတဆင်နေကျ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား..." ဆိုသည့် အလှူအတန်းကိစ္စဒ္ဒ ရက်ရောလှစွာသော မောမြေမြင့်ဆီမှ တိုင်းရင်းသားညီနောင်တို့၏ အလှူပွဲပုံရိပ်များက လက်တွေ့ပြသခဲ့ပြီဖြစ်ပါသည်။

လှူဖွယ်ပစ္စည်း ပဒေသာပင်များ ကိုင်ဆောင်၍ စီတန်းလှည့်လည်လာသူများက မြို့တောင်ဘက်စွန်းနားထိ ရောက်သည့်တိုင် နောက်ဘက်

mgyoe.com

m gy
ဆီမှ လူတန်းကြီးက ဟိုးမြောက်ဘက်ပြည်နယ် လှျပ်စစ်ရုံးနားဆီမှ တဖွဲဖွဲ ထွက်လာမစဲနိုင်ကြသေး။

ဒါက ပအိုဝ်းညီနောင် တိုင်းရင်းသားတို့၏ စုပေါင်းမဟာဘုံကထိန်တော်၏ ပုရိပ်မြင်ကွင်းများ။

*

တန်ဆောင်တိုင်ကာလ။ မောမြေမြင့်၏ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်က အထင်ကရရှိလှပါသည်။ မြန်မာပြည်တစ်နံတစ်လျား အားလုံးသော မြန်မာပြည်သားများနှင့်အတူ အရောင်စုံ၊ အသွေးစုံ၊ ဒီဇိုင်းစုံ နိုင်ငံခြား တိုင်းတစ်ပါးသားများပင် အာရုံဝင်စားကြ လာရောက်ဆင်နွှဲကြသော ကမ္ဘာသိ ပွဲတော်တစ်ခု။

ပွဲတော်ကာလ ရောက်ပြီဆိုမှဖြင့် ဘုရားဖူးကားများက ဥဒဟို ဝင်ကြထွက်ကြ၊ ဝယ်ကြ ခြမ်းကြ ဘယ်ဘက်ကြည့်ကြည့် ပွဲတော်လာ ဧည့်သည်တို့ဖြင့် ဝေဝေစည်စည် စိုစိုပြည်ပြည်။ အရောင်းအဝယ်သမားတို့၏ မိုးလေဝသ ဂရပ်ဖ်မျဉ်းအခြေပြကောင်းသလို မျက်နှာပေါ်က အပြုံးပန်းများ တဝေဝေ လန်းမှလန်း။ စားသောက်ဆိုင်တန်းများလည်း တိုးမပေါက်။ အမျိုးမျိုးသော ကစားပွဲဆိုင်ခန်းတို့လည်း တိုးမပေါက်။

မီးပုံးပျံလွှတ်ပွဲက ပြိုင်ပွဲအမျိုးအစားခေါင်းစဉ်တွေ များလှပါသည်။ ရပ်ကွက်အလိုက် ကိုယ်စားပြု ပါဝင်ကြပြီး နေ့ဘက်ပိုင်းတွင် အရုပ်အလှများ လွှတ်တင် ပြိုင်ပွဲဝင်ကြရပါသည်။ မီးဆိုင်းမီးပန်းများနှင့် မီးအလှပြိုင်ပွဲများကိုတော့ ညပိုင်းရောက်မှ ယှဉ်ပြိုင်ရပါသည်။ ထိုမီးပန်းဆိုင်းတစ်ဆိုင်း၏ ကာလတန်ဖိုး ကိန်းဂဏန်းက သိန်း ၂၀၊ ၃၀၊ ၄၀ စသည်ဖြင့်။ မီးထွန်းပွဲကာလအလိုက် တချို့ဝါသနာရှင်များ အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရမှုများ ရှိတတ်သဖြင့် မဆိုင်သူများ ပတ်ဝန်းကျင်သို့ ဝင်ရောက်မလာစေရေး အတွက် အထူးပင် ကြပ်မတ်၍ လုပ်ဆောင်ကြရပါသည်။

မောမြေ၏ ချမ်းမြလှသည့် ဆောင်းအအေးဒဏ်ကို မမှုနိုင်လောက်အောင်ပင် မီးပုံးပျံပွဲ၏ ညို့ငင်ချက်က အစွမ်းထက်လှပါပေသည်။ ညဥ့်လယ် ၁ ချက်၊ ၂ ချက်တီးသည်အထိ ဖွဲကောင်းလှစွာ အားပေးသူများဖြင့်
mgyoe.com

mgyoe.com
သိုက်သိုက်ဝန်းဝန်း။

ပွဲတော်ရက်သို့ရောက်လျှင် တောင်ကြီးမြို့မှ မိုင် ၃၀ ကျော် အကွာ အလှမ်းရှိ 'မွေတော်ကက္ကူဘုရား' ဆီသို့ ဘုရားဖူးထွက်ကြပါသည်။ အချို့က မော်တော်ဆိုင်ကယ်များဖြင့် အစုလိုက် အဖွဲ့လိုက် ချီတက်ကြသည်လည်း ရှိပါသည်။ ဒေသသစ်၊ ရေမြေသစ်၊ ဓလေ့ထုံးစံသစ်၊ ရာသီဥတုအသစ်၏ ရသသစ်ကို စားသုံးခံစားကြရသည့် ပျော်ရွှင်ကြည်နူးမှုများကလည်း အစားထိုးမရနိုင်သည့် ရသတစ်ပါးပါပေ။

*

တောင်တက်တောင်ဆင်း ပြုလုပ်ခြင်းဖြင့် လူတို့၏သက်တမ်း ပို၍ ရှည်စေနိုင်ကြောင်း၊ တောင်ပေါ်တွင်နေထိုင်ကြသူများက မြေပြန့်ဒေသတွင် နေထိုင်သူတို့ထက် ပို၍အသက်ရှည်ကြောင်းကို စောစောပိုင်းကာလများက ပင် စာပေထဲ၌ တွေ့ရှိခဲ့ဖူးပါသည်။

နှင်းခသည့် ဆောင်းရက်များသို့တိုင်လျှင် တောင်ပေါ်ရှိ 'ရွှေဘုန်းပွင့် ဘုရား' သို့ ခြေကျင်လျှောက်၍ တောင်တက်ပွဲ ဆင်နွှဲကြပါသည်။ အေးမြသည့် မြောက်ပြန်လေ၏ အပွေ့အဖက် သစ်ရွက်များပေါ်မှ လျှောကျလာသည့် နှင်းစက်ဂီတသံလေးများနှင့်အတူ တောင်ပေါ်တက်လမ်းတစ်လျှောက် ဟောဟဲထလောက်အောင် မမောပန်းခဲ့ကြပါ။ ဒေသရေမြေအနေအထားက မြေပြန့်ဒေသ၏ ရာသီဥတုနှင့် ကွာခြားခဲ့မှုကိုး...

ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုတစ်ပုဒ် (မျက်ရည်လောကများ၏ ဟိုမှာဘက်ဟု ထင်ပါသည်) ထဲတွင် တောင်ကြီးမြို့ကို ရောက်ပြီးမှ 'တောင်ချွန်း' တောင်ထိပ်ပေါ် မရောက်ခဲ့လျှင် တောင်ကြီးမြို့ကို ရောက်ခဲ့တယ်လို့ ပြောမရဘူးဆိုသည့် အဓိပ္ပာယ်ပေါက်သော စကားတစ်ခွန်းက ကျွန်တော့်အာရုံထဲသို့ ဖျတ်ခနဲ ဝင်ရောက်ထိုးစိုက်လာပါသည်။ သည်လိုနှင့် ကျွန်တော်တို့အဖွဲ့ ရုံးအားရက်တစ်ရက် 'တောင်ချွန်း' ပေါ်သို့ ချီတက်ခဲ့ကြပါသည်။ တစ်ယောက်ကိုတစ်ယောက် နှိုးဆော်တွန်းအားပေးကြရင်း တက်ခဲ့ကြရာ တောင်ထိပ်စခန်းသို့တိုင် ရောက်ရှိပြီး အလံတွေ စိုက်ထူနိုင်ခဲ့ကြပါသည်။ အမှတ်တရဓာတ်ပုံများ ရိုက်ယူမှတ်တမ်းပြုခဲ့ကြပါသည်။

mgyoe.com

m gyoe.com
အပေါ်စီးမှနေ၍ မြို့အကွက်အကွင်း ကြည့်ရှုကာ တောင်တက်ခြင်းရသကို ခံစားခဲ့ကြပါသည်။

အခုတော့... ဆရာဘုန်း ပြောသလို ကျွန်တော်တို့တွေ တောင်ကြီးမြို့ ကို ကမ်းကပ်ရောက်ရှိခဲ့တာ သေချာသွားခဲ့ပါပြီ။

သည်လိုနှင့်... မိုးစက်ပွင့်တို့ နှုတ်ဆက်ခွဲခွာရန် ဟန်ပြင်ခိုက် ကျွန် တော်သည်လည်း မောမြေမြင့်ကို လက်ပြချန်ရစ်ခဲ့ရပါသည်။

ခေမာရဋ္ဌတွင် နွေနှစ်၊ မိုးနှစ်၊ ဆောင်းနှစ်ကာလတာကို ဖြတ်သန်းလွန် မြောက်ပြီး မြေလတ်ဌာနေ ဖန်ခါးမြေရင်ခွင်သို့ ခိုလှုံဝင်ရောက်ခဲ့ရပြန်ပါ သည်။ ကျွန်တော် လိုက်ပါခဲ့သည့် မော်တော်ယာဉ်မှ သီချင်းတစ်စက ကျွန်တော့်ရင်ဘတ်ဆီမှ ခေမာရဋ္ဌ အလွမ်းရှုရှုကို လှုပ်ခတ်စေရော့ရယ်လို့ နှိုးဆွဘိအလား...

ထမင်းစားပြီး တစ်မျိုးလို... (ဆေးလိပ်တို)၂

အိပ်ရာဝင်လည်း တစ်မျိုးလို... (ဆေးလိပ်တို)၂

ပင်စိမ်းသီးပိုးထိုး တောင်ကြီးသူမ ရအောင်ပိုး... ရအောင်ပိုးဟော့... ရအောင်ပိုး

ဘိလပ်ရည်အမြှုပ်ထ... ငါယူမှာက ပအို့ဝ်မ... ပအို့ဝ်မဟော့... ပအို့ဝ်မ။

နွယ်နီမဂ္ဂဇင်း၊ ဇွန်၊ ၂၀၁၂

❑

mgyoe.com

mgyoe.com

# အောက်မေ့ဖွယ် လေညင်းစိုစိုထဲက ဆည်းလည်းသံချိုချိုများ

ပျော့်ပျော့်မပျော့်ပျော့်
ရွှေဒါးချောင်းလက်ဖျံပေါ်မှာ
ကျွန်တော်ကာလရှည်ဇေစာ ကျင့်ခဲ့ဖူးပါသည်။

တဖြည်းဖြည်း ဆုတ်ခွာခဲ့ပြီဖြစ်သော နွေနှောင်းနှင့်အတူ၊ ဥသြငှက်ငယ်၏ နွေလွမ်းဖွဲ့တေးချင်းနွဲ့နွဲ့ကို နားအာရုံမှာ စူးနစ်ခံစားရင်း စိမ်းစိမ်းဝေဝေရွက်နုတွေနှင့် အပွင့်ဝါဝါကလေးတွေ ကြွေကြွေလွင့်လွင့် မန်ကျည်းရိပ်အေးအေးကို လွမ်းသနေမိသည်။ မန်ကျည်းရွက်နုဝါဝါကလေးများအကြား ပိုးမွှားကလေးများကို လိုက်လံဖမ်းယူစားသောက်ရင်း တေးချင်းတစ်ပုဒ်ကို သီကျူးတတ်သည့် ငှက်ဝင်းကလေးများလည်း ပါသည်ပေါ့။ နွေဦးကာလတုန်းကလိုလည်း အပူငွေ့မပြင်းရှလှတော့။

ထိုမန်ကျည်းရိပ်အေးအေးတွင် ရေဒီယိုလေးတစ်လုံး ဘေးမှာချကာ နားသောတဆင်လျက် ကျွန်တော့်ဖခင်ကြီးက ကြိမ်ပုခက် ပုံကြမ်းများရိုက်လျက်၊ ကျွန်တော့်ညီငယ်၊ ညီမငယ်များက ကြိမ်လုံးစွဲ နန်းပင်ဆွဲ၊ ပုခက်အချောထည်ရက်လုပ်သူက ရက်လုပ်နေပုံများကိုပါ တစ်ဆက်တည်း မျက်စိတွင် မြင်ယောင်နေမိသည်။ ကြိမ်ပုခက် ရက်လုပ်သည့်လုပ်ငန်းကို မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်လာခဲ့သည်မှာပင် နှစ်ကာလအားဖြင့် အတန်ကြာ

mgyoe.com

mgyoe.com


ခဲ့ပြီပဲ။

ကျွန်တော့်ဖခင် ပိုင်ဆိုင်သည့် လယ်ယာချောင်းမြောင်းများစွာ ရှိပါသည်။ သို့သော်လည်း ရာသီဥတုက မျက်နှာသာပေးမှ၊ မိုးလေဝသအခြေအနေကောင်းမှ ယာခင်းချောင်းခင်း အလုပ်အကိုင်က အဆင်ပြေတတ်သည်ဖြစ်ရာ ကျွန်တော်တို့ ဇာတိဒေသဆိုသည်မှာလည်း မိုးနည်းရပ်ဝန်းဇရိယာထဲ အဝင်အပါဖြစ်လေတော့ ကိုယ်စိုက်ပျိုးသည့်သီးနှံ ကိုယ်ပြန်လည်ရိတ်သိမ်း၍ ရမရဆိုသည်မှာ သေချာသောကိစ္စ မဖြစ်နိုင်ခဲ့ပါ။ လယ်ယာချောင်းကန်အလုပ်က တစ်နှစ်တစ်နှစ် မသေချာနိုင်သဖြင့် မိသားစုစားဝတ်နေရေး တစ်ဖက်က ငွေဝင်လမ်းရနိုင်မည့်အလုပ်တစ်ခုကို ဖန်တီးလုပ်ကိုင်ရသည်မှာ ကျွန်တော်တို့အတွက် ရွေးချယ်ခွင့်မရှိသည့်လမ်းကြောင်း ဖြစ်နေပါတော့သည်။ ဘာပဲဖြစ်ဖြစ် သည်ကြိမ်ပုခက်လုပ်ငန်းလေးကို ဖြည့်စွက်လုပ်ကိုင်ခဲ့သဖြင့် ကျွန်တော်တို့မိသားစု စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိခဲ့ပြီး အသက်ရှူခွင့်ချောင်ခဲ့ရပါသည်။

*

ကျွန်တော် မူလတန်းကျောင်းစတက်စဉ်က ကျွန်တော်တို့ရွာတွင် မူလတန်းကျောင်းတစ်ကျောင်းသာ ရှိခဲ့ပါသည်။ မနက်ပိုင်း တစ်ချိန်တက်ပြီး ထမင်းစားချိန် ကျောင်းဆင်းပေးပါသည်။ နေ့ခင်းဘက်တစ်ချိန်ပြန်တက်ရပြီး သုံးနာရီတွင် ကျောင်းဆင်းပါသည်။ ကျွန်တော်တို့ရွာတွင် ငါးရက်တစ်ဈေးခင်းသည်။ ဈေးနေ့ဆိုလျှင် ကျွန်တော့်အမေမှာ ဈေးဝယ်လိုက်ရသဖြင့် ကျွန်တော်တို့ကျောင်းသားများအတွက် နေ့ခင်းဘက် ထမင်းစားချိန် အဆင်မပြေတတ်ပါ။ ထိုနေ့ဆိုလျှင် ကျွန်တော်တို့ နေ့ခင်းဘက် ကျောင်းပြန်တက်သည့်တိုင် ဟင်းမကျက်သဖြင့် ဟင်းကျက်သည့်အချိန်ရောက်မှ အမေကိုယ်တိုင် ကျွန်တော်တို့ထံ ထမင်းချိုင့်လိုက်လံပို့ပေးတတ်ပါသည်။ ထိုနေ့တစ်နေ့ မြင်ကွင်းကို ခုထက်ထိ ကျွန်တော့်အာရုံတွင် ပုံရိပ်ထင်ဆဲ။

'ဈေးကပြန်လာတဲ့အမေ
ချွေးတွေစို့ပေမဲ့
သားအဆာပြေဖို့

mgyoe.com

mgyoe.com

ထဘီရင်ရှားနဲ့
ကျောင်းကို ထမင်းချိုင့်ပို့ခဲ့တဲ့အမေ'

*

ကျွန်တော် မူလတန်းအောင်တော့ မြို့ကျောင်းသို့ ပြောင်းရွှေ့တက်ရောက်ရပါသည်။ ကျွန်တော်တစ်ဦးသာ ရမည်းသင်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ကျန်သူငယ်ချင်းအားလုံး ပျော်ဘွယ်ကျောင်းသို့ တက်ရောက်ကြပါသည်။ ပျော်ဘွယ်သို့ တက်ရောက်သူအများစုက စက်ဘီးဖြင့် သွားကြပါသည်။ ကျွန်တော်ကတော့ ရမည်းသင်းနှင့် ရွှေဒါးအသွားအပြန် ကြုံရာကားဖြင့် လိုက်ပါ၍ နေ့စဉ်ကျောင်းတက်သူဖြစ်ပါသည်။ နှစ်စပိုင်းတွင် ရမည်းသင်းမြို့ရှိ ဦးကြီး၊ ဒေါ်လေးတို့၏အိမ်များတွင် တစ်လှည့်စီနေထိုင်တည်းခိုကာ ကျောင်းတက်ခဲ့သေးသော်လည်း နောက်ပိုင်းရောက်တော့ ကျွန်တော်၏ရွာမှပင် နေ့စဉ်ကားကြုံစီးကာ အသွားအပြန်ကျောင်းတက်ခဲ့ရပါသည်။

ကျွန်တော်တို့ငယ်စဉ်က မိတ္ထီလာနှင့် ပျဉ်းမနားပြေးဆွဲသော 'ထီလာမန်း' ယာဉ်လိုင်းရှိပါသည်။ ထိုလိုင်းကားကြုံများဖြင့် စောင့်ဆိုင်းကာ စီးနင်းလိုက်ပါရသဖြင့် အခက်အခဲများစွာဖြင့် ရင်းနှီးပွေ့ဖက်ခဲ့ရပါသည်။ ကားသမားများဆိုသည်ကလည်း ပိုက်ဆံရမည့် ခရီးသည်ကိုသာ ဦးစားပေးတင်လိုသည်သာ ဖြစ်သဖြင့် ကျွန်တော့်လို ကားကြုံစီးသူ ကျောင်းသားတစ်ဦးအား အခမဲ့တင်ဆောင်ရန် ဝန်လေးတတ်ကြသည်မှာ အပြစ်မဆိုသာပါ။ တစ်ခါတစ်ရံ ကျောင်းတက်ရန်အမီ မရောက်ရှိသဖြင့် ဆရာဦးကိုကို၏ ကြိမ်လုံးနှင့် နဖူးစာဆုံခဲ့ရသည့်နေ့များကိုလည်း ကျွန်တော့်ငယ်ဘဝ၏ မမေ့နိုင်စရာဖြစ်ရပ်များတွင် တစ်ခုအပါအဝင်ဖြစ်၍နေခဲ့ပါသည်။ အပင်ပန်းဆုံးကတော့ ရမည်းသင်းနှင့် ရွှေဒါးအကွာအဝေး ၇ မိုင်ခန့်ကို ကိုယ့်ခြေထောက်ကိုယ်သုံးကာ မြေကြောရှုံ့ခဲ့ရသည့် နေ့ရက်အတော်များများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်များပေ။

တစ်ခါတစ်ရံကျတော့ ကားသမားတချို့က သူတို့ကားပေါ်သို့ အတက်ပင်မခံဘဲ "ဒီကောင်တွေက ကြီးလာရင် ငါတို့ကားသမားတွေကို

mgyoe.com

mgyoe.com
ဒုက္ခပြန်မပေးဘူးလို့ ပြောနိုင်မလား" ဆိုကာ ပြောင်ပြောင်တင်းတင်း ငြင်းဆန်သူများကိုပင် ကြုံခဲ့ရဖူးပါသည်။

*

ကျွန်တော် အလယ်တန်းကျောင်းသားဘဝက ကျောင်းတွင်းနံရံကပ်စာစောင်အဖွဲ့တွင် ပါဝင်ကူညီရေးသားခွင့်ရခဲ့သဖြင့် ကျွန်တော်၏ နှလုံးသားတစ်နေရာ၌ ပုန်းလျှိုးလျက်ရှိသည့် ဝါသနာအညွန့်အညှောက်ကလေးကို လှစ်ခနဲမြင်တွေ့ခွင့်ရရှိလိုက်ပါသည်။ ကျောင်းတွင်းနံရံကပ်စာစောင်ကို 'ဆရာဦးမြဲဆောင်း' မှ ဦးဆောင်ဦးရွက်ပြု ထုတ်ဝေခဲ့ပြီး ကျွန်တော်က ဝိုက်ကတ်စက္ကူဖြူပေါ်တွင် သေသပ်သော လက်ရေးဖြင့် ကူညီ၍ ရေးသားတင်ဆက်ခွင့်ရခဲ့ပါသည်။ သည်စဉ်က ကျွန်တော်တို့၏ မြန်မာစာပြဆရာမှာ 'ဦးညွန့်' ဖြစ်ပါသည်။ ဆရာက သီချင်းကြီး သီချင်းခန့်များလည်း သင်ကြားပေးပါသည်။ 'ဂုဏ်ထူးစာစီစာကုံး' 'ကိုရင်ဂျမ်းအစမ်းစာ' များမှ အစနည်းပေးလမ်းညွှန်ပြုကာ စာဖတ်ဝါသနာကို လှုံ့ဆော်ပေးခဲ့ပါသည်။ ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်အဖြစ် 'ရွှေမြင်တင်တောင်' တော်သို့ သွားရောက်ခဲ့ကြပုံများလည်း မမေ့နိုင်ခဲ့ပါ။

ကျွန်တော် ဝတ္ထုစဖတ်စဉ်က တက္ကသိုလ်ဘုန်းနိုင်၏ 'စိမ်းနေဦးမည့် ကျွန်တော့်မြေ' ဖြင့် စတင်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုများ တစ်အုပ်ပြီးတစ်အုပ် ဖတ်ခဲ့သည်။ လုံးချင်းဝတ္ထုများ၊ ဝတ္ထုတိုပေါင်းချုပ်များ၊ သည်စဉ်က ကျွန်တော်တို့ရွာတွင် စာကြည့်တိုက်ဟူ၍ မရှိခဲ့သေး။ အခုတော့ စာကြည့်တိုက်နှင့် ခံ့ခံ့ထည်ထည် တင့်တင့်တယ်တယ်။

ကျွန်တော်တို့ငယ်စဉ်က မူလတန်းကျောင်းတစ်ကျောင်းသာ ရှိခဲ့ရာမှ ယနေ့အချိန်တွင် 'ရွှေဒါးအထက်တန်းကျောင်းခွဲ' အထိ တိုးတက်သင်ကြားခွင့် ရရှိခဲ့ပြီဖြစ်သဖြင့် သည်ကနေ့ ရင်သွေးငယ်များ၊ ကျွန်တော်တို့ ငယ်စဉ်ကလို အလယ်တန်းပညာ၊ အထက်တန်းပညာသင်ယူခွင့်ကို ခက်ခက်ခဲခဲ စုပ်ယူဆွတ်ချူရန်မလိုတော့။ လွယ်လွယ်ကူကူ၊ အေးအေးဆေးဆေးပင်။ ကိုယ့်ရွာနှင့် ကိုယ့်ကျောင်းနှင့် ရေကန်အသင့် ကြာအသင့်။ ရှေ့ရေးမျှော်
mgyoe.com

mgyoe.com

တွေးကာ ဦးဆောင်ဦးရွက်ပြု၊ အကောင်အထည်ဖော်သူတို့၏ ကျေးဇူးကား ကြီးမားလှပါဘိ။ ရပ်ကျိုးရွာကျိုး သယ်ပိုးသူတို့၏ စိတ်ဓာတ်ကား မွန်မြတ်လှပါဘိ။

*

မွေးရပ်မြေကို အလွမ်းရဆုံးအချိန်ကတော့ သီတင်းကျွတ်လပြည့်နေ့ ဆွမ်းကြီးလောင်းပွဲပင် ဖြစ်ပါသည်။ ထိုရက်၊ ထိုကာလသို့ ရောက်လေတိုင်း အဝေးရောက်သူအားလုံးလိုလိုပင် ဇာတိမြေသို့ အရောက်ပြန်လာခဲ့ကြပြီ။ အဆိုပါ ဆွမ်းတော်ကြီးလောင်းလှူပွဲသို့ ပါဝင်ဆင်နွှဲကြသူက များပါသည်။ ရွာဦးဘုရားဝိုင်းအတွင်းတွင် ဆွမ်းလောင်းလှူပွဲကို ကျင်းပပြီး နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံးရှိ သံဃာတော်ကုန်ပင့်ဖိတ်ကာ ပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ဝှဲချီးကျင်းပကြပါသည်။ သံဃာတော် အပါးတစ်ထောင်ဝန်းကျင်ပါရှိကာ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ရွှင်ဖွယ်အတိပါပေ။

သီတင်းကျွတ်လပြည့်နီးပြီဆိုသည်နှင့် ရွာရှိလူငယ်များအဖွဲ့မှ ဦးဆောင်၍ မီးပုံးပျံများ ကိုယ်တိုင်ချီးကာ ပျော်ပျော်ပါးပါး လွှတ်တင်ကြပုံများ၊ အမျိုးသမီးငယ်များက ဝတ်ကောင်းစားလှများ ဝတ်ဆင်၊ မျက်နှာချေပေါင်ဒါအမွှေးနံ့သာများ လိမ်းသခြယ်မှုန်းလျက် ဆွမ်းတော်ကြီးလောင်းလှူပွဲတွင် ပါဝင်ဆင်နွှဲကြပုံများ၊ အလှူပွဲတော်သို့ ကြွရောက်ချီးမြှင့်လာကြသည့် ဆရာတော်များ၏ လှည်းယာဉ်တော်များမှ နွားနှစ်ကောင်ကို ရွှေခြူစုံဆွဲဆင်ကာ ထိပ်အုပ်စလွယ်၊ ရောင်စုံပန်းပွားအလှများဖြင့် ကော့ပျံကြွရွလျက်ရှိသည့် မြင်ကွင်းများဖြင့် ကြည့်လေရာရာ မြင်ကွင်းအလှပသာဒတို့ဖြင့် လှချင်တိုင်း လှပလျက်ရှိသည့် ဆေးရောင်စုံပန်းချီကားချပ်တစ်ချပ်ကို ယခုထိတိုင် မေ့ပျောက်၍ မရနိုင်သေးပါပေ။

ဆွမ်းတော်ကြီးလောင်းလှူပွဲ၏ အထွတ်အထိပ်အစည်ဆုံးအချိန်ကတော့ ကျောင်းတစ်ကျောင်းချင်းအလိုက် ပေါက်မဲနှိုက်၍ မဲပေါက်သည့်ပစ္စည်းအမျိုးအမည်အလိုက် လှူဒါန်းသူအမည် တစ်ခုချင်း ကြေညာသည့်အချိန်ပင်ဖြစ်ပါသည်။ လှူဒါန်းသူများရော ဘေးပရိသတ်ပေါင်းပါ သာဓု

mgyoe.com

mgyoe.com


ခေါ်သံ ညံမစဲလောက်အောင် ပီတိပန်းများ လန်းဆန်းဝေဝေနှင့် ကြည့်လေရာ မျက်နှာတိုင်းမှာ အပြုံးပန်းတွေနှင့် ရွှန်းရွှန်းလက်လက်။

တချို့မိဘများက သူတို့၏ သားသမီးရင်သွေးငယ်များ ဘေးဘယာဝေးကွာပါစေဟူသော ရည်ရွယ်ချက်ဖြင့် သားငယ်၊ သမီးငယ်တို့၏အမည်များကို မဲလိပ်ထည့်ဖောက်ကြပြီး မဲပေါက်သည့် ဆရာတော်ကြီးများထံမှ ၎င်းတို့၏ သားသမီးရင်သွေးငယ်များအား ဝတ္ထုငွေကြေးဖြင့် လှူဒါန်း၍ ပြန်လည်ရွေးယူကာ ယတြာချေသည့်သဘောမျိုးလည်း ဤပွဲတွင် ဓလေ့တစ်ခုအဖြစ် တွေ့နိုင်ပါသည်။

ဆွမ်းလောင်းပွဲကို လပြည့်နေ့နံနက်ပိုင်းတွင် ကျင်းပပြီး ညဘက်တွင် ရွာမှ လူငယ်များပါဝင်သည့် အရုပ်ပြဇာတ်ပွဲလည်း ဆင်နွှဲကြပါသည်။ ပြဇာတ်မင်းသားအဖြစ် ရွာခံလူငယ်များထံမှ ပါဝင်သရုပ်ဆောင်ကြပြီး မင်းသမီးကိုတော့ မြို့တက်၍ ငှားရမ်းကြပါသည်။ ရွှေဒါးမှ နာမည်ကျော် 'ရွာစားစိန်ကျော်ဒင်' ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ပြဇာတ်ကပွဲကို စည်စည်ကားကား ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြပုံကလည်း မမေ့နိုင်စရာပါပေ။

သီတင်းကျွတ်ပွဲတော်ပြီး မကြာမီပင် ပျော်ဘွယ်နှင့် ရမည်းသင်းမြို့များတွင် တန်ဆောင်မုန်းလ၊ မဟာဘုံကထိန်ပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြပါသည်။ မြို့နယ်ပွဲများဖြစ်ကြ၍ အလွန်စည်ကားသောပွဲလည်း ဖြစ်ပါသည်။ ပျော်ဘွယ်မြို့က အလျင်တစ်ပတ်စော၍ ရမည်းသင်းမြို့က ရက်သတ္တတစ်ပတ်နောက်ကျပါသည်။ ရုံသွင်းကပြသည့် ဇာတ်ပွဲများဖြင့် တိုး၍မပေါက် စည်ကားသလို နေ့ဘက်ပိုင်း ဘုံကထိန်လှည့်ပွဲများကလည်း အသင်းအဖွဲ့အလိုက်၊ ရပ်ကွက်အလိုက်၊ ဌာနဆိုင်ရာအလိုက် ဇည့်ခံဖျော်ဖြေရေးကားများ၊ လှူဖွယ်ပစ္စည်း ပဒေသာပင်ကားများဖြင့် မြို့အနှံ့ လမ်းမများပေါ်သို့ လှည့်လည်ကြ၍ ဂီတတေးသံတွေ၊ ယိမ်းအဖွဲ့တွေဖြင့် စည်မှစည်။ ငရုတ် စသည့် ရာသီသီးနှံများ ပေါ်ဦး၊ ဈေးနှုန်းလည်းမြင့်၊ ငွေစကြေးစများလည်း လန်းရွှင်ခိုက်ဖြစ်၍ တစ်နှစ်မှတစ်ခါသာ ကြုံတတ်သည့်ပွဲမျိုးမို့ အပျော်မျက်လုံး အပြုံးမျက်နှာများဖြင့် ပျော်စရာ ပျော်စရာပွဲတော်ရက်များပင်။

*

mgyoe.com

mgyoe.com


ပုရစ်နုညှာချိ… နှောင်းနွေသန်လုစက်ရာသီမှာ လေယူဆောင်နှင်း မြေဆီမြေသင်းနံ့သာ စိန်ခြူးအုံကြွကြသောင်သဥ္ဇာပန်းကြဲတဲ့ ဖဲစက်ရာမှာ။

ဂီတနက်သန် ကိုစောညိန်း၏ နုနွဲ့သွဲ့လျသည့် ဂီတသံစဉ်နှင့် တေးပဋ္ဌင်ငြိမ့်ငြိမ့်ကလေးမှာ တသိမ့်သိမ့်လိုက်ပါ သီကျူးကာဖြင့် တေးသံရှင် မောင်မောင်ညွန့်က အနိမ့်အမြင့် အနွဲ့အပြောင်းကလေးများဖြင့် သရုပ်ဖော် သီဆိုဟန်စွက်လိုက်တော့မှ စောစောဆီက 'ဘယ်ဆီသို့ ဘယ်ဝယ်သို့ မှန်းကာဆတယ် လွမ်းပါရမယ် ကြာပင်အိုင်ကြီးရယ်' ဖြစ်နေသည့် ကျွန်တော်၏ စိတ်အစဉ်ကို ပြန်လည်ဖမ်းဆုပ်မိပါပြီ။ ဟုတ်ပါသည်။ သည်လိုရာသီ၊ သည်လိုနွေနှောင်းရက်ကျန် ဝသန်ပေါ်ဦးစခါကာလ ကျွန်တော်၏ ဇာတိချက်ကြွေ မွေးရပ်မြေမှ နွေနှောင်းခါသမယ၏ ပန်းချီကားချပ်ကို ပြန်လည် လွမ်းဆွတ်မြင်ယောင်နေမိခြင်းသာ ဖြစ်ပါသည်။

သည်အချိန်ဆိုလျှင် တဖြည်းဖြည်း ဆုတ်ခွာခဲ့ပြီဖြစ်သော နွေနှောင်းနှင့်အတူ ဥသြငှက်ငယ်၏ နွေလွမ်းဖွဲ့တေးချင်းနွဲ့နွဲ့ကို နားအာရုံမှာ စူးနစ်ခံစားရင်း စိမ်းစိမ်းဝေဝေ ရွက်နုတွေနှင့် အပွင့်ဝါဝါကလေးတွေ၊ ကြွေကြွေလွင့်လွင့်၊ မန်ကျည်းရိပ်အေးအေးကို လွမ်းသနေမိပါသည်။ မန်ကျည်းရွက်နုဝါဝါကလေးများအကြား ပိုးမွှားကလေးများကို လိုက်လံဖမ်းယူစားသောက်ရင်း တေးချင်းတစ်ပုဒ်ကို သီကျူးနေတတ်သည့် ငှက်ဝင်းကလေးများလည်း ပါသည်ပေါ့။ နွေဦးကာလတုန်းကလိုလည်း အပူငွေ့ မပြင်းရှလှတော့။

ထိုမန်ကျည်းရိပ်အေးအေးတွင် ရေဒီယိုလေးတစ်လုံး ဘေးမှာချကာ နားသောတဆင်လျက် ကျွန်တော်၏ဖခင်ကြီး လုပ်ငန်းခွင်ဝင်နေပုံ၊ ညီငယ်ညီမငယ်များ ကိုယ်စီကိုယ်င လုပ်ငန်းကိုယ်စီဖြင့် လှုပ်ရှားသက်ဝင်နေကြပုံ အတိတ်ပန်းချီကားချပ်ကိုဖြင့် မေ့၍မနိုင် ဖျောက်ဖျက်၍ မရလောက်အောင် ဆွေးတသသ လွမ်းတနေမိလျက်သား ရှိရပါတော့သည်။

Potential, 2012

❑

mgyoe.com

mgyoe.com

## မြကျွန်းသာသို့… အလွမ်းအက်ဆေး

မိုးစက်ပွင့်တို့ နှုတ်ဆက်လက်ပြခဲ့ပြီလေ….။ ထို့ကြောင့် ထိုင်နေကျ ထောင့်ကျကျစားပွဲလေးမှသည် ဟိုဘက် အင်းလျားကန်စပ်အဆွယ်ကိုပင် ရုတ်တရက် လှမ်း၍မမြင်နိုင်ခဲ့။ နံနက်စောစော အုံ့ဖွဲ့ခင်းကျင်းတတ်သည့် နှင်းမြူဇာပါးတို့က နေရာယူထားခဲ့ကြပြီ။

တစ်ခဏအကြာ နေရောင်ခြည်ဖြာကျချိန်တိုင်တော့မှ သူတို့တွေ ကိုယ်ယောင်ဖျောက် ဆုတ်ခွာနေကျပဲလေ။

ပျံလွှားငှက်ကလေးများက ဟိုသည်လူးလာ အစာရှာထွက်လာကြပြီ။

ကန်ပေါင်ပေါ်မှာတော့ အရွယ်စုံ၊ ကာလာစုံ လှုပ်လှုပ်ရွရွတို့ဖြင့် ပျားပန်းခပ်ဘိသို့ စည်စည်ဝေဝေရှိလှသည်။ ကန်ပေါင်အောက်ခြေ ကွန်ကရစ်လမ်းပေါ်မှာတော့ အစုလိုက်၊ အဖွဲ့လိုက် ကိုယ်လက်လှုပ်ရှား သူတို့ အသံသေတ္တာဆီမှ အေရိုးဗစ်တေးသွားအလိုက် လိုက်ပါကခုန်နေကြသည်။ သည်မြင်ကွင်းများက အင်းလျား၏ နံနက်ခင်းပန်းချီကားချပ်ထဲက တစ်ခု သော သရုပ်ဖော်ကကွက်များဖြစ်သည်။ တတိယရာသီ၏ အခင်းအကျင်း များပင်။

*

mgyoe.com

mgyoe.com.

"နှင်းကလေးတွေမှ ××× ဟုတ်ရဲ့လား ××× နှင်းကလေးတွေမှ××× ဟုတ်ရဲ့လားကွယ် ××× သံသယတောအလယ် ××× မောတယ်အချစ်ရယ် ××× ပန်းချီကဗျာထက်လှတဲ့ ××× သီလာတက္ကရဲ့ ကျွန်းညိုမြဝယ် ××× မိုးမြေနိမ့်ယောင် ××× မာယာဆောင်သို့ ××× မြူနှင်းတို့ဝေတဲ့ ကာလ ××× ဆောင်းချမ်းမြ ××× ဟေမန်ဝယ် ××× "

တက္ကသိုလ်နယ်မြေထဲ ခြေချဝင်ရောက်သည်နှင့် တက္ကသီလာ၏ တေးချင်းတစ်ပုဒ်က နှလုံးသားရင်ညွှန့်ရပ်ဆီသို့ ထိုးစိုက်လာခဲ့သည်။ အခါရာသီက မြူနှင်းတို့ ဝေသီရာ ဆောင်းချမ်းမြ၊ နှင်းငွေမှုန်လွှတို့ သွန်းပက်ရာ ခါသမယ။ မြက်ပင်စိမ်းမြတို့၏ ရွက်ချွန်ဖျားပေါ် နှင်းရေစက်လက်တို့တွဲခိုနေသခိုက် နေရောင်ခြည် တိုက်ရိုက်ထိမှန်ပုံက စိန်ပွင့်ကလေးများ အပေါ်နေခြည်ထိနမ်းသည့်ဟန် လက်လက်စင်စင်မှာ ရင်၌မြေ့ချမ်းလှသည်။

ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ ဘေးပေါက်ကလေးဆီမှ ဖြတ်လျှောက်ခဲ့ကာ အဓိပတိလမ်းမကြီးပေါ် ခြေချခဲ့သည်။

ဖူးသစ်စ လေပြည်ကလေး၏ ထိခတ်ကျီစယ်မှုနှင့်အတူ လတ်ဆတ်ပေ့ါပါးစွာပင် ခပ်ဆတ်ဆတ်ကလေး ဆက်လျှောက်လာခဲ့သည်။

ဆရာကြီး၊ ဆရာမကြီးအချို့ မောင်နှံစုံဖက် လမ်းလျှောက်လျက်သားတွေ့ရသည်။ စောနေသေးသဖြင့် ကျောင်းသားကျောင်းသူများကိုမူ မမြင်ရသေး။ စာသင်ချိန်၊ အတန်းတက်ချိန်ရောက်လျှင်တော့ ဤလမ်းမပေါ်၌ ပန်းခပ်သည့်ပျားကောင်များသဖွယ် ဟိုမှသည်ကူး ယှက်မြူးဟန် ပျံသန်းလာကြဦးမည်ပေ့ါ။

အပန်းဖြေရိပ်သာရှေ့နားရောက်လာတော့ ရိပ်သာအတွင်းဘက်မှ လေ့ကျင့်ကွင်းဆင်းလျက်ရှိကြသည့် ဘတ်စကက်ဘောကစားသမားတို့၏အသံများကို နားဝယ်ကြားရပေသည်။ ဟိုရှေ့နားဆီက သစ်ပုပ်ပင် ထီးထီးမားမားကြီးကတော့ ဣန္ဒြေကြီးလှစွာဖြင့် မမိုတ်မသုန် စောင့်လင့်ကြည့်ရှုလျက်ဖြင့်...။

အပန်းဖြေရိပ်သာကို လွန်လာခဲ့ပြီး လမ်းမ၏ အရှေ့ဘက်ခြမ်းဆီမှာတော့ ကျွန်တော်တို့ ကျောင်းသားဘဝက ဆရာဇော်ဂျီတို့၊ ဆရာဦးသော်ကောင်းတို့ ရုံးစိုက်အခြေချခဲ့ရာ တက္ကသိုလ်များစာကြည့်တိုက်အဆောက်

mgyoe.com

m gyoe.com


အအုံကြီးက ခုံခုံထည်ထည်။ သည်နေရာရောက်လာတော့ ယခင်ကာလဆီက ကံ့ကော်တော အုပ်အုပ်ဆိုင်းဆိုင်း ညို့ညို့မှိုင်းမှိုင်းကလေးဆီ ပြန်လည်သတိရမိလိုက်ပြန်ပေသည်။

ကံ့ကော်ပင်ရိပ်များအောက်ရှိ ခုံတန်းလျားငယ်များပေါ်မှ ကယုကယင မောင်နှံစုံတွဲကလေးများ။

ထိုပုံရိပ်ကလေးများ မြင်မိတော့ ပါမောက္ခချုပ် ဆရာခ၏ စေတနာ အလှပန်းတစ်ပွင့်ကို အသိအမှတ်ပြုမိရပြန်ပေသည်။ ဝင်ရောက်ခိုလှုံလာသူအပေါင်း ကံ့ကော်ရိပ်၏ အေးမြမှုရသကို စုပ်ယူခံစားစေလိုသည့် ဆရာ၏ စိတ်ကူးပုံဖော်မှုကို မဖော်ပြနိုင်လောက်အောင်ပင် ကျေးဇူးတင်မိရပေသည်။

သည်စဉ်ခိုက် ငယ်နုစဉ် စာသင်သားဘဝဆီက ဆရာခ၏ ငဲ့ညှာတတ်ပုံ အလှတစ်ပါးကိုလည်း လှစ်ခနဲပင် ပြန်လည်၍သတိရမိလိုက်ပြန်ပါသည်။ ကျွန်တော်တို့ ညီနောင်တစ်စု ပါမောက္ခချုပ် ဆရာခထံ ဝင်ရောက်၍ ကျောင်းပိတ်ထားစဉ်ကာလအတွင်း ကျောင်းတော်သာယာ သန့်ရှင်းရေးကိစ္စများ၌ ပါဝင်၍ စာသင်စရိတ်ရှာဖွေလိုပါကြောင်း တင်ပြကာ အကူအညီတောင်းခံကြပါသည်။

ထိုအခါ ဆရာက သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေးကာ မြက်ပင်များရှင်းလင်းခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ၌ ပါဝင်စေခဲ့ပြီး ကျွန်တော်တို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးခဲ့၍ ဆရာခ၏ ကျေးဇူးဝတ်မှန်ကို ပြန်လည်၍ ထုံကူးမိလိုက်ရပါသည်။

*

*"မြကျွန်းညိုညို × × × ကွန်းခိုရာ တက္ကသိုလ်မှာဆုံ × × × စာပေဂီတနဲ့သာ × × × အနုပညာ × × × အစစမှာလည်းစုံ × × × တေးပဋ္ဌင်ငြိမ့်ငြိမ့်ညောင်း × × × စုပေါင်းပါလို့ သီကျူးပုံ × × × တေးမင်္ဂလာ × × × အစဉ်သာအေးလို့ × × × ငြိမ်းချမ်းကြစေကုန် × × × ရွှေးယဉ်ကျေးမှု × × × အစဉ်လာ × × × တို့လက်ခံကာယုံ × × × ရွှေးယဉ်ကျေးမှု × × × အစဉ်အလာ*

mgyoe.com

mgyoe.com


*× × × တိုးတက်ပါစေကုန်"*

အမိတက္ကသိုလ်၏ ပုံရိပ်များကို လှစ်ဟပုံဖော်ရာ တေးချင်းများအနက်မှ အစောဆုံးဟုဆိုရလောက်အောင်ပင် သောတရှင်အများစုတို့၏ နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်း နေရာရခဲ့သည့် တေးတစ်ပုဒ်ဟုဆိုပါလျှင် မည်သူတစ်ဦးတစ်ယောက်ကမျှ ငြင်းဆိုမည်မဟုတ်ပါဟု ကျွန်တော် ထင်မိပါသည်။

ကျွန်တော်တို့တစ်တွေ အမိတက္ကသိုလ်နယ်မြေထဲ ဝင်ရောက်ခြေမချမီကပင် ကျော်ကြားခဲ့ပြီး တေးတစ်ပုဒ်မို့ပါပေ။ နောက်တော့ ဆရာတက္ကသိုလ်ဘုန်းနိုင် ရေးသားသီကုံးပြီး တက္ကသိုလ်သန်းသန်းလွင် သီဆိုခဲ့သော 'တက္ကသိုလ်နန်း' တေးချင်းက ကျွန်တော်တို့ ဝင်ရောက်ခြေချခဲ့ပြီးချိန်မှာတော့ ဆရာဦးမြသိန်း၏ အမိတက္ကသိုလ်ရင်ခွင် တေးချင်းများအဖြစ် မှတ်တိုင်စိုက်ချိန်ပါပေ။

အပေါင်းလက္ခဏာအဖွဲ့၏ 'ကံ့ကော်တောနဲ့ ဝေးခဲ့ပြီ' တေးကတော့ ကျွန်တော်တို့ နောင်တော်ဖြစ်သော အညာတမာ၏ ကဗျာတစ်ပုဒ်မှ မြစ်ဖျားစခဲ့သည့် တေးသီချင်းတစ်ပုဒ်ပါပေ။

တက္ကသိုလ်နယ်မြေ၏ အစဉ်အလာပုံဖော်မှုများစွာအနက်မှ မောင်မယ်သစ်လွင် ကြိုဆိုပွဲပုံရိပ်များသည်လည်း အောက်မေ့ဖွယ်ပါပေ။ ကျွန်တော်တို့ စတင်ဝင်ရောက်ချိန်၌ နောင်တော်၊ အစ်မတော်တို့က နွေးထွေးသောလက်များဖြင့် ကမ်းလင့်ပွေ့ဖက်ခဲ့ကြပါသည်။ ကျွန်တော်တို့အလှည့် ရောက်ချိန်တွင်လည်း အသစ်ဝင်ရောက်လာခဲ့ကြသည့် ညီငယ်၊ ညီမငယ်များသို့ ကမ်းလင့်ကြိုဆိုပွဲကိုလည်း ပြုခဲ့ကြပါသည်။ သည်ပွဲကျင်းပခိုက် ကျွန်တော်တို့၏ ဆရာ ဦးအောင်သင်းရေးဖွဲ့သည့် 'ချစ်စွာသော အိုမိခင်' တေးချင်းအသစ်တစ်ပုဒ်ကို ညီအစ်ကိုမောင်နှမတစ်စုက သီကြွေးပုံဖော်ဖြစ်ခဲ့ကြပါသည်။ ထိုတေးချင်းသည် နောင်အခါတွင် စန္ဒရားတင်ဝင်းလှိုင်၏ 'လေလှိုင်းသံ' အဖွဲ့၏ မြန်မာ့အသံဓာတ်ပြားရ တေးဖြစ်ခဲ့ပေသည်။

*

*"လွမ်းပင်ရိပ်ဝေဝေသီ × × × အလှရဲ့ × × × သီတာကုန်ဆုံး ဒီပါသုဉ်းစေ × × × ဘုန်းမမေ့နိုင်ဘူး × × × ပိုင်မလို မဆိုင်*

mgyoe.com

mgyoe.com


*သကို ××× ကိုယ်ရုံတိမ်ပြာနဲ့ ××× ရှိန်ဝါလုကာ ××× ကြယ်မင်းသခင်သို့ လနတ်ဆွေရှင် ××× ကြွေဆင်း ××× မြေနှင်းခသလို ××× ရွှန်းမြသာလွှင် ××× ဖူးတွေ့ပါရ ××× မြောက်လသန္တာရ နှင်းမြေနိုင်ငံ ××× ခေါက်ပြန်ဖြာစ ××× ညင်းလေသွန်ဆဲအခါ ×××"*

"တကယ်တမ်းကျတော့ မျက်ရည်ကျရသူဟာ မေရီပါ… ငြိမ်း၊ မေရီဖြစ်ရပုံဟာ … မေရီဖတ်ဖူးခဲ့တဲ့ 'ကုမုဒြာကြာနဲ့ ပိတုန်းမောင်' ဆိုတဲ့ ကဗျာလေးအတိုင်းပါပဲ။ နေ့မှာသာ ကျင်လည်နိုင်တဲ့ ပိတုန်းမောင်နဲ့ လရောင် ပက်တဲ့ညအခါမှာသာ ပွင့်လေ့ရှာတဲ့ ကုမုဒြာကြာတို့ဟာ ဒီကမ္ဘာ မဆုံးတမ်းလိုပဲ၊ ကံကြမ္မာကိုက မဆီလျော်ပေပဲဟာကို၊ မေရီ့မေတ္တာမိုးဟာ ဘယ်လောက်ကောင်းပေမဲ့ ဒီမိုးက နှောင်းခဲ့တဲ့မိုးပါငြိမ်းရယ်" ဆိုသည့် ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ 'ညီမလေးရယ် စိုးရိမ်မိတယ်' ဝတ္ထုမှ ဇာတ်လိုက် မင်းသမီးချောလေး မေရီ၏ တိတ်တခိုးခံစားမှုစကားလုံးများ ဖြစ်ပါသည်။

ကျွန်တော်တို့တွေ တက္ကသိုလ်နယ်မြေထဲ ခြေမချမီကာလများဆီက အထင်ကရ အမှတ်ထင်ထင် မော်ကွန်းထိုးခဲ့ကြသည့် ကုံကော်တောမှ ဇာတ် လမ်းများအဖြစ် 'အချစ်ရူးလေးရဲ့အချစ်ဦး၊ မပန်ပါနဲ့ကြွေချင်တယ်၊ ကောလိပ်ကျောင်းသား၊ အရှေ့ကနေဝန်းထွက်သည့်ပမာ၊ တက္ကသိုလ် ကျောင်းသားတစ်ဦး' နှင့် ဒဂုန်တာရာ၏ 'မေ'၊ အောင်ပြည့်၏ 'ပြုံမှာလေ လား မိုးရဲ့' စသည်ဖြင့် တက္ကသိုလ်ဗဟိုပြုဝတ္ထုများစွာတို့ ထင်ပေါ်ခဲ့ကြပေ သည်။

ရုပ်ရှင်မင်းသားကြီး မြတ်လေး၏ 'ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ' အရိပ်ပြဇာတ်တစ်ပုဒ်သည်လည်း ခေတ်တစ်ခေတ်အဖြစ် တက္ကသိုလ်အဝန်း အဝိုင်း၌ ပြောစမှတ်ပြုခဲ့ကြရသည် မဟုတ်ပါလား။

*

*"ရိပ်ရိပ်ဆိုင်းဆိုင်း မြကျွန်းသာသို့ သတိရတိုင်း ××× ကရ ဏာလွှမ်းမိုး ××× အကြင်နာဆယ်ဆတိုး ××× စိုးထိတ်မရှင် ××× မောင် မနှင်ဘဲ ××× ထွက်သွားခဲ့ရရှာသူရေ ×××*

mgyoe.com

mgyoe.com


*လာလုငယ်လာလုငေး × × × ပန်းကြာရေဝေးမှန်းကာသူတွေး × × × ကြင်ကြင်နာနာ × × × ကြည်သာဖေးဖေး × × × ထွေးထွေးနုနု × × × ယုယချင်သေး × × × ချစ်သူနှင်းရေ × × × ရှိရှင်ပြုံးပြုံး × × × လှတင့်ဆုံးကို × × × ရာသက်လုံး × × × ဘယ်မမုန်း × × × ပန်းတွေခင်းကာ စောင့်ကြိုနေ × × × ချစ်သက်စုနှင်း × × × ရေ"*

သည်ဘက် ရွှေရတုနှစ်ကာလများရောက်တော့ သောတရှင်အများစုတို့၏ နားဝင်ပီယံ၌ ခုံမင်နှစ်ခြိုက်ခံရသူ ဆရာဦးမြသိန်း၏ 'ကြင်ကြင်နာနာဆယ်ကမ္ဘာ' တေးသီချင်းမှ သီချင်းစာသား တစ်ပိုင်းတစ်စပါပင်။

အတိတ်၏အရိပ်များဆီသို့ လည်ပြန်စီးမျောလိုစိတ်ဖြင့် ဆရာ့တေးချင်းများကို သီးသန့်အစီအစဉ်အဖြစ် ထည့်သွင်းဖွင့်ပြထားခြင်းပင်။

ကျွန်တော်တို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရင်ဘတ်ချင်းချိတ်ဆက်ပွဲကို သည်နှစ်မှာလည်း 'ရွှေရှမ်းကန်' မှာပင် ဆင်နွှဲဖြစ်ခဲ့ကြသည်။ အစပိုင်း၌ ဆရာကြီး၊ ဆရာမကြီးများကို ဦးခိုက်ပန်ဆင်ကြပါသည်။ ထို့နောက်ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကြပြီး အာဟာရများ ကျွေးမွေးပါသည်။ ဆရာကြီးများ၏ ဩဝါဒကို နာခံကြပြီး ပထမပိုင်း ပြီးခဲ့ကြပေသည်။

ဒုတိယပိုင်းကတော့ ကျွန်တော်တို့သူငယ်ချင်းများ အလှည့်ပင်။ နှငယ်စဉ်က ရုပ်ရည်များအပေါ်၌ ခုံထည်ခြင်းတို့ဖြင့် ပေါင်းစပ်ကြလျက်ဖြင့်။ တစ်ချိန်သောကာလများဆီ ပြန်လည်၍ ကမ်းကပ်ခဲ့ကြသည်။ အဟောင်းပုံ၊ အကြောင်းစုံများဆီ ပြန်လည်တူးဆွကြသည်။ တဒင်္ဂသာဆုံစည်းရသခိုက် ပျော်ရွှင်ခြင်းများဆီ ရွှေ့လျားကြကာ တစ်ဖန်ပြန်လည်၍နုသစ်ပျိုမျစ်ခဲ့ကြသည်။

ကျွန်တော်တို့ပွဲကို ထုဆစ်ခဲ့ကြသည်မှာ ပဥ္စမအကြိမ်သို့ပင် အမှတ်စဉ်ထိုးနိုင်ခဲ့ပြီဖြစ်ပေသည်။

နှုတ်ဆက်လက်ပြသွားခဲ့သူများအတွက် အမှတ်တရစကားများဖြင့်လွမ်းမြကြရသည်။ သည်အထဲမှာမှ ထာဝရလက်တွဲဖော်များအဖြစ် မှတ်တိုင်ထူခဲ့ကြသကဲ့သို့ ကျောချင်းကပ်၍ ဝေးဝေးပြေးခွာသူများလည်း ရှိခဲ့ကြပေသည်။ ဘဝဆိုသည်မှာ သည်လိုပါပဲရယ်လို့ မှတ်ချက်ပြုကြရုံမှတစ်ပါး...။

mgyoe.com

mgyoe.com

သူငယ်ချင်းတချို့ ပွဲစဉ်သွားခဲ့သလို ဆရာ၊ ဆရာမကြီးအချို့လည်း အမှည့်ကြွေကြွေခဲ့ကြပေပြီ။ လက်တွဲ၍ ပုံဖော်ခဲ့သူများ ဖြစ်လင့်ကစား ဖဲ့ထွက်သွားသူတို့လည်း ရှိခဲ့ပေပြီ။ လူ့သဘောဆိုသည်ကလည်း အစိုးမရ အခက်သားမို့ သူတို့သူတို့တွေအပေါ် နားလည်ပေးရုံမှတစ်ပါး...။

*

*"မြကျွန်းသာရင်ခွင်ထက်ဆီမှ ... စိန်ပန်းပြာကလေးတွေကိုပင် × × × ခင်မင်သမုဒယ × × × မယုယနိုင်ဘဲ × × × ခွဲခွာသွားရသူပေ × × × မြင်ရုံသာမြင် × × × မကြင်ရတဲ့ဘဝတစ်ခုနဲ့သာပင် × × × အသက်နဲ့ ကိုယ့်မှာလေ × × × ပျော်ရာမှာပဲ မနေရ × × × တော်ရာမှာပဲ နေရရှာသူပေ × × × "*

တေးရေးဆရာ သီဖွဲ့သလိုပင် ကျူးရင့်သူ တေးသံရှင်မှလည်း ကံ့ကော်တော၏ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို နှလုံးသားနှင့် ထပ်တူပြု အားစိုက်ရင့်ကြွေးခဲ့သဖြင့် အောင်မြင်သော တေးတစ်ပုဒ်အဖြစ် တေးချစ်သူအကြိုက် စာရင်းဝင်ခဲ့ရပေသည်။ စိန်ပန်းပြာနှင့် ဝေးသူရေ...။

တက္ကသိုလ်၏ ချစ်သူပျောက် ဇာတ်လမ်းများစွာတို့အတွက် ဇာတ်ဝင်တေးတစ်ပုဒ်အဖြစ် နှစ်ကာလရှည်စွာ ကိုယ်စားပြုနေရာယူနိုင်ခဲ့သဖြင့်လည်း မြကျွန်းသာရင်ခွင်မှသည် ပြင်ပလောကသို့တိုင် လွင့်ပျံ့ခဲ့ပုံများက အံ့မခန်းရှိရပေသည်။ အမိတက္ကသိုလ် တည်တံ့နေသေးသမျှ သည်တေးချင်းတစ်ပုဒ်သည်လည်း ခိုင်မြဲရှည်ကြာ ရပ်တည်နေဦးမည်သာ...။

နိယာမတရားအလိုအရတော့ မမြဲခြင်းတရားသည်သာ ထာဝရ မပြောင်းမလဲ တည်မြဲနေမည်ဖြစ်ပါသည်။ သို့ပါသော်လည်း ကျွန်တော်တို့၏ အလိုဆန္ဒကတော့ 'ရန်ကုန်တက္ကသိုလ်' ဟူသော အမိတက္ကသိုလ်၏ ရှည်ကြာသက်တမ်းကို နှစ်ကာလပေါင်းများစွာသို့တိုင် ဆွဲဆန့်ထားလိုပါသေးသည်။

သို့မှသာ ကျွန်တော်တို့သည်လည်း –

*အိုဘယ့်ဘယ်... အိုဘယ့်*

*ကံ့ကော်ပျို*

mgyoe.com

mgyoe.com

ရွှေလိုဝင်းတော့မင်း
အိုဘယ့်ဘယ်... အိုဘယ့်
သစ်ပုပ်ပင်
သစ်လွင်နုပျိုမင်း
အိုဘယ့်ဘယ်... အိုဘယ့်
ဥသြအို
တေးဆိုညည်းတော့မင်း
အိုဘယ့်ဘယ်... အိုဘယ့်
မြသီလာ
ရာပြည့်နိုင်စေမင်း။ ။
(ကိုရွှေသိမ်းမင်း)

မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၇

❑

mgyoe.com

mgyoe.com

## မိုး... ငိုနေသလား

အနောက်တောင်အရပ်ဆီက တိုးရှဲဝင်ရောက်လာခဲ့သည့် မုတ်သုံလေ၏ အရှိန်အဝါကြောင့် နွေကာလရက်စွဲများတစ်လျှောက်လုံး နှိပ်စက်ကလူပြုခဲ့သည့် နွေအပူခိုးတို့ နောက်သို့ ငုံ့လျှိုးသွားခဲ့ရပေပြီ။ ခုနေမှာတော့ မိုးစက်ပွင့်ကလေးများဖြင့် ကျွန်တော်တို့၏ နှလုံးသည်းညွှာသို့တိုင် ထိုးဖောက်မင်းမူခဲ့သည့် အပူခိုးတို့သည်လည်း ရုတ်ခြည်းခဏမှာပင် လျော့ပြေသွားခဲ့ရသည်ပဲပေါ့။ သည်စဉ်အခိုက်အတန့်... ခပ်ဝေးဝေးဆီမှ မိုးဖွဲ့တေးချင်းတစ်စက လျှလျှပါးပါး နားစည်မှေးပါးဆီ တိုးဝင်တီးခတ်လာခဲ့ချေသည်ပေါ့။

*"မိုးရွာရင် ကြမ္မာငင်တော့မယ်လို့... မထင်နဲ့လေ... မိုးရယ်... မိုးရွာရင် ကြမ္မာငင်တော့မယ်လို့... မထင်နဲ့လေ မိုးရယ်... ရွှေရင်ဝယ် ဖိုလှိုက် ရှိုက်ရှိုက်ကယ်ငို... အခက်ပွေဆဲ... မျက်ရည်ပုလဲ... အသည်းနုနု ကြွေပြီထင်တယ်... ရင်ဝယ်ဖြေမရ... မိရွှေမိုးဘဝ ... ဆိုးလှပါလား... ကွယ်..."*

မိုးစက်ပွင့်တွေ လွင့်ကြွေလေတိုင်း အသည်းငယ်တတ်သူ မိန်းမပျိုလေးတစ်ယောက်၏ ဖြစ်ထွေကို တေးချင်းဖွဲ့ကာ ကျူးရင့်ခဲ့ဖူးသည့် ကျေးတောသားတို့၏ အသည်းစွဲတေးသံရှင် တွံတေးသိန်းတန်က ဖွဲ့ဖွဲ့နွဲ့နွဲ့

mgyoe.com